ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ တနင်္လာနေ့၊ (19-10-2015) (၈၃၅၈)

## အေးစေ မြစေ မေတ္တာရေ

❁ နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
❁ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
❁ အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
❁ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
❁ မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး။
❁ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
❁ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှဲမမုန်း။
❁ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
❁ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။။

စံကင်းဆရာတော်

# ငြိမ်းချမ်းရေးရောင်ခြည်ထွန်းလင်းလာမည့် ငွေတောင်ပြည်နေ့ရက်များ

» နန်းနွယ်နီထွန်း «

နေမင်းကြီးအလင်းရောင်ဖျော့လာသည်နှင့် တစ်ပြိုင်နက် မျက်လုံးများက အိမ်နံရံထက်မှ အဖြူရောင်သစ်လွင်နေသည့်မီးခလုတ်လေးဆီသို့ အကြည့်ရောက်သည်။ သားသမီးများ စနောက်မည်စိုးသဖြင့်သာ နေလုံးကြီးပျောက်ကွယ်သည်အထိ စောင့်နေရခြင်းဖြစ်သည်။ ခုတော့ ဒေါ်ဂလဲရစ္စ မီးခလုတ်ကို အားပါးတရဖွင့်သည်။ "ဖြောက်ခနဲ" ဖြူလွှလွှ အယ်လ်အီးဒီ မီးရောင်က တစ်အိမ်လုံးကို ဖုံးလွှမ်းသွားသောအခါ ဆက်တိုက်ပင် တီဗွီခလုတ်ကိုဖွင့်ဖို့ သူကြိုးစားသည်။ ယခုအချိန်ဆိုလျှင် သူအကြိုက်ဆုံးကဏ္ဍဖြစ်သည့် "ဆိုကြမယ်၊ ပျော်ကြမယ်" အစီအစဉ်လာတော့မည်။ မြန်မာသံစဉ် သီချင်းလေးများမှ တီဗွီရှေ့တွင် ဆေးပေါ့လိပ်ဖွာရင်း စောင့်ရတော့မည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳

"သံလွင်တံတား(ဖားဆောင်း)ကို ဇူလိုင် ၁၅ ရက်က ဖွင့်လှစ်ခဲ့ပြီး မဲ့စဲ့မှ ဖားဆောင်းသို့ လမ်းပန်းဆက်သွယ်မှုမြန်ဆန်လာခြင်းကြောင့် ရှမ်းပြည်နယ်သို့ လည်းကောင်း၊ လွိုင်ကော်မှ မော်ချီး၊ ဆက်လက်၍ တောင်ငူမြို့သို့ လည်းကောင်း လွယ်ကူစွာသွားနိုင်ပြီး တစ်နိုင်ငံလုံးနှင့် လွယ်လင့်တကူ ချိတ်ဆက်သွားလာနိုင်တော့မည်ဖြစ်"



၂၀၁၅ ခုနှစ် ဇူလိုင် ၁၇ ရက်က သံလွင်တံတား(ဖားဆောင်း)ဖွင့်ပွဲတွင် ဒေသခံတိုင်းရင်းသားများက ရိုးရာတေးသီချင်းဖြင့် ဖျော်ဖြေခဲ့ကြစဉ်။ (မြန်/ဆက်)

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

### နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

# ပြည်သူ့အချစ်တော် ဆင်မကြီး မိုမို၏ (၆၂)နှစ်ပြည့်မွေးနေ့ပွဲ ကျင်းပ

သတင်း
ရဲခေါင်ညွန့်၊ မြတ်သဉ္စာမောင်
ဓာတ်ပုံ » ဖိုးထောင်

ရန်ကုန် အောက်တိုဘာ ၁၈

**ဆင်မကြီး မိုမို၏ အသက် (၆၂) နှစ်ပြည့်မွေးနေ့ကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ကလေးငယ်များ၊ တိရစ္ဆာန်ချစ်သူများနှင့်အတူ ကျင်းပခဲ့သည်။ ယနေ့ပြုလုပ်သည့် ဆင်မကြီး မိုမို၏မွေးနေ့ပွဲသည် တနင်္ဂနွေအားလပ်ရက်နှင့်တိုက်ဆိုင်နေ၍ ပါဝင်ဆင်နွှဲကြသည့်ဧည့်ပရိသတ်များ သောင်းနှင့်ချီ၍ လာရောက်ခဲ့ကြသည်။**

ဆင်မလေး မိုမို အသက် (၇)နှစ်သမီးအရွယ်ကတည်းက ကယားပြည်နယ်လွိုင်ကော်မြို့မှ ဦးခွန်စန္ဒက၏ လှူဒါန်းမှုကြောင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလတွင် ရောက်ရှိခဲ့သည်။

ဆင်မကြီး မိုမိုသည် မြန်မာ့အသံရေဒီယိုအစီအစဉ်မှ ထုတ်လွှင့်ခဲ့သည့် မိသားစုတနင်္ဂနွေ တေးသီချင်းတွင် "ဆင်ကလေးနာမည် မိုမိုတဲ့ဟေ ခေါ်ကြည့်စမ်းပါဟေ ××× မိုမိုရေ ××× မိုမိုရေ" ဟူသည့် စာသားဖြင့် လူသိများလာခဲ့သည်။

မိုမိုသည် ကလေးငယ်များနှင့် ပြည်သူအများ ပျော်ရွှင်နိုင်စေရန်အတွက် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် နှစ်ပေါင်း ၅၀ ကျော်ကြာ ဖျော်ဖြေမှုအစီအစဉ်တာဝန်များ ထမ်းဆောင်လျက်ရှိပြီး ပြည်သူအများ၏ ချစ်ခင်မှုကိုရရှိထားသည့် ဆင်မကြီးပင်ဖြစ်သည်။

ယနေ့ပြုလုပ်သည့် မိုမို၏မွေးနေ့ပွဲတွင် ဆင်မကြီးမိုမိုကိုယ်တိုင် ဌက်သက်စေ့လွှတ်ခြင်း၊ အဖော်ဆင်များနှင့်အတူ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳



ကြေးမုံ စာတည်းရှုထောင့် ၁၉-၁၀-၂၀၁၅၊ တနင်္လာနေ့

# အသက်သွေးကြောဧရာဝတီ

ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ အသက်သွေးကြောဟု ဆိုရမည်။ အမိမြန်မာပြည်၏ အလယ်ဗဟိုတစ်ကြော၊ အောက်ခြေရင်းမှ အထက်ဦးခေါင်းအထိ ပင်မသွေးကြောကြီးသဖွယ် စီးဆင်းနေသည်။ မြစ်၊ ချောင်းလက်တက်အသွယ်သွယ်တို့ မြစ်ကြီးဧရာဝတီအတွင်းသို့ စီးဝင်နေသောကြောင့် သွေးကြောအဖြာဖြာ စီးဝင်နေသည့်သဘောဖြစ်သည်။

မြန်မာပြည်စတင်မဖြစ်တည်ခင်ကတည်းက တည်ရှိခဲ့သော ဧရာဝတီသည် သက်တမ်းရှည်ကြာအခွန့်ရှည်ခဲ့သည်။ မြန်မာ့မြေနှင့်မြန်မာပြည်သူတို့ကို အလုပ်အကျွေးပြုခဲ့သည်။ ဧရာဝတီသည် ပြည်သူ ပြည်သား သားသမီးများ၏ ကျေးဇူးရှင်ဖြစ်သည်။ ဤရေကိုသောက်၍ ဤရေဖြင့်ပင် ရှင်သန်ကြီးပြင်းခဲ့ကြသလို ဤရေနှင့်လည်း ခရီးဖော်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်းရှိ မြစ်ကြီးများတွင် အထင်ရှားဆုံးဖြစ်ပြီး ကြီးမားကျယ်ပြန့်သည့် မြေနိမ့်လွင်ပြင်အများဆုံးမှာ ဧရာဝတီမြစ်ကြောင်းပေါ်မှ လွင်ပြင်များပင်ဖြစ်သည်။ ထို့ကြောင့် ဧရာဝတီကိုအမှီပြု၍ ပြည်သူများ ရပ်တည်နေထိုင်နိုင်သည်။ လူသားများသာမက ဇီဝမျိုးကွဲမျိုးစုံ ကျင်လည်ကျက်စား ရှင်သန်နေထိုင်ကြသလို မြန်မာနိုင်ငံ၏ ထင်ရှားသောသမိုင်းကြောင်းများစွာလည်း ဖြစ်တည်ခဲ့သည်။

မြောက်ဘက်အစွန်ဖျားတွင် မေခနှင့်မလိခ မြစ်နှစ်သွယ်ဖြင့် စတင်ဖြစ်တည်ပြီး တောင်ဘက်အဆုံးတွင် ရန်ကုန်မြစ်၊ တိုးမြစ်၊ ပုသိမ်မြစ် စသည့်မြစ်ခွဲကလေးများ အစိတ်စိတ်အမြွှာမြွှာဖြာထွက်ကာ ပင်လယ်အတွင်းသို့ စီးဝင်သည်။ အကြီးဆုံးသောမြစ်လက်တက်မှာ ချင်းတွင်းမြစ်ဖြစ်ပြီး တာပိန်မြစ်၊ ရွှေလီမြစ်၊ မြစ်ငယ်မြစ်တို့မှာ ထင်ရှားသည်။ ဧရာဝတီမြစ်ကြီး၏ အကျိုးပြုပုံနှင့် ထင်ရှားသောအချက်အလက်များမှာ စာဖွဲ့၍ပင် ကုန်နိုင်မည်မဟုတ်ချေ။

ဤမျှထင်ရှားသော၊ အကျိုးပြုသော ဧရာဝတီသည် နှစ်ပေါင်းထောင်ချီကြာမြင့်လာသည်နှင့်အမျှ ပထဝီဝင်နှင့် သဘာဝအခြေအနေများကြောင့်လည်းကောင်း၊ လူတို့၏မဆင်မခြင်ပြုလုပ်မှုများကြောင့်လည်းကောင်း တစ်စတစ်စ ယိုယွင်းလာခဲ့သည်။ တဖြည်းဖြည်းတိမ်ကောပြောင်းလဲလာခဲ့သည်။ ရှေးယခင်က ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဥဒဟိုသွားလာနိုင်သောအခြေအနေမှ နေရာတိုင်း မသွားလာနိုင်သည့် အခြေအနေဖြစ်လာသည်။

အဆိုးဆုံးမှာ ဧရာဝတီမြစ်ကြောင်း တိမ်ကောလာမှုကြောင့် မြစ်ကမ်းတစ်ဖက်တစ်ချက်နှင့် ဝန်းကျင်ဒေသများ မိုးရာသီတွင် နှစ်စဉ်ရေဖုံးလွှမ်းမှုများ၊ မြစ်ကမ်းပါးပြိုကျမှုများနှင့် ရင်ဆိုင်လာရခြင်းဖြစ်သည်။ ထင်ရှားသောမြင်ကွင်းများမှာ ဧရာဝတီမြစ်၏ ကြီးမားကျယ်ပြန့်သော မြစ်ကြောင်းပြင်များရှိရာဒေသများတွင် ထုထည်ကြီးမားသော သဲသောင်ပြင်ကြီးများကို တွေ့ရမည်ဖြစ်သည်။

မိုးရေတိုက်စားမှုကို ထိန်းသိမ်းပေးသော သစ်တော၊ သစ်ပင်ကြီးများ နည်းပါးလာသောကြောင့် တောင်ကုန်း၊ မြေမြင့်များမှ မိုးရေနှင့်အတူ တိုက်စားလာသော သဲနုန်းမြေများသည် မြစ်ကြီးအတွင်းသို့ တွန်းတိုက်ဆင်းဝင်လာရာမှ မြစ်ကြောင်းကြီး တိမ်ကောလာရသည်။ မြစ်ပြင်ကြီးကျယ်ပြန့်လာရသည်။ လူတို့နေထိုင်စိုက်ပျိုးရာနေရာများကို ဖုံးလွှမ်းလာခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏အသက်သွေးကြောသဖွယ်ဖြစ်တည်နေသော ဧရာဝတီမြစ်ကြီးအား ပြန်လည်ကယ်တင်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဘက်ဘက်မှကြံဆောင်ကြိုးပမ်းလာရသည်။ ဧရာဝတီမြစ်ဝှမ်းစီမံကိန်းကို ရေးဆွဲရသည်။ ကမ္ဘာ့ဘဏ်နှင့်သာမက မိတ်ဆွေနိုင်ငံများနှင့်ပူးပေါင်းကာ ဧရာဝတီဖွံ့ဖြိုးစေရန် ဆောင်ရွက်လာကြသည်။

ထိုလုပ်ငန်းကြီးမှာ ကြီးမားကျယ်ပြန့်လှသဖြင့် မြန်မာနိုင်ငံ၏အားနှင့် မရနိုင်ချေ။ ပူးပေါင်းဆောင်ရွက်မှုဖြင့် အားဖြည့်ရသည်။ အချိန်ကာလဖြင့်ကုစားရသည်။ ကောင်းသောအကျိုးရလဒ်များကို ရယူဖော်ဆောင်ရ မည်။ ဧရာဝတီကို ထိခိုက်နစ်နာစေသော မကောင်းသောဆိုးကျိုးများအား တစ်စတစ်စ ဝိုင်းဝန်းလက်တွဲဖယ်ရှားရမည်။

သို့မှသာ ဧရာဝတီမြစ်ကြီး ပြန်လည်ရှင်သန်ဖွံ့ဖြိုးလာပြီး မြန်မာပြည်ကြီးနှင့် ပြည်သူ ပြည်သားများအား နှစ်ပေါင်းထောင်ချီ ဆက်လက်အကျိုးပြုမည်ဟု ယုံကြည်ပါသည်။ ။

# ၂၀၁၅ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် အနည်းဆုံး လေးသန်းခွဲဝင်ရောက်ရန် မျှော်မှန်းထား

**ရန်ကုန် အောက်တိုဘာ ၁၈**

၂၀၁၅ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ရောက်ရှိမှုသည် အနည်းဆုံး ၄ ဒသမ ၅ သန်းခန့် ဝင်ရောက်နိုင်မည်ဟု ခန့်မှန်းထားကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ပြောသည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၁၆ ရက်က ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ခရီးသွားနှင့်ဧည့်ဝတ်ပြုမှုဆိုင်ရာ သင်တန်းကျောင်းများအသင်းနှင့် မြန်မာနိုင်ငံ ဧည့်ဝတ်ပြုမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းများမှ ကျောင်းအုပ်များနှင့် ရန်ကုန်မြို့တွင် တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ရောက်ရှိမှုသည် ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ၅၃ ရာခိုင်နှုန်း တိုးတက်လျက်ရှိပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဝန်ဆောင်မှုအရည်အသွေးများလည်း တိုးတက်မြင့်မားရန်လိုအပ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ *Centrepoint Grand Hotel* နှင့် *Office Towers* ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၃ ဒသမ ၀၈၁ သန်း ဝင်ရောက်လာကြောင်း၊ ၂၀၁၅ ခုနှစ်တွင် လက်ရှိတိုးတက်မှုနှုန်းအရ ခရီးသည်အနည်းဆုံး ၄ ဒသမ ၅ သန်း ဝင်ရောက်ရန် မျှော်မှန်းထားကြောင်း၊ မကြာခင်က *Skyscanner* က ရွေးချယ်သည့် ကမ္ဘာ့အကောင်းဆုံး ခရီးစဉ်ဒေသ ၁၀ ခုတွင် မြန်မာနိုင်ငံသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ ဟိုတယ်နှင့်စီမံကိန်းစုစုပေါင်း ၄၇ ခုနှင့် အခန်းပေါင်း ၉၀၃၁ ခန်းထိ တိုးတက်လာကြောင်း၊ နိုင်ငံတကာအဆင့်မီဟိုတယ်နှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံတစ်ခုပေါ်ထွန်းလာသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

*Centrepoint Towers* တွင် စီးပွားရေးဆိုင်ရာ အဆောက်အအုံနှင့် နိုင်ငံတကာအဆင့်မီ ဟိုတယ်အဆောက်အအုံတို့ပါဝင်ပြီး ဟိုတယ်အဆောက်အအုံသည် ၂၆ ထပ် မြင့်မားကာ နိုင်ငံတကာအဆင့်မီ ဟိုတယ်အခန်းပေါင်း ၃၀၀ ပါဝင်ကြောင်း သိရသည်။

**(ကြေးမုံ)**



# ဆိပ်ကမ်းမြို့နယ်တွင် မဲရုံမှူး၊ ဒု-မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းစဉ်ဆောင်ရွက်ပုံသင်တန်းဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁၈**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲရုံမှူး၊ ဒု-မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းစဉ်ဆောင်ရွက်ပုံသင်တန်းကို ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ အောက်တိုဘာ ၁၇ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို နှစ်ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး ခရိုင်အဆင့် သင်တန်းတက်ရောက်ထားသော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဌာနဆိုင်ရာဦးစီးမှူးများက ပြန်လည်ပို့ချသင်ကြားပေးခဲ့သည်။

သင်တန်းသို့ မဲရုံမှူး၊ ဒု-မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် ၅၁ ဦး တက်ရောက်ခဲ့ပြီး ရွေးကောက်ပွဲတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ လက်တွေ့ သရုပ်ပြပြုလုပ်ခြင်းနှင့် အဖွဲ့လိုက် ပြန်လည်သင်ကြားခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆိပ်ကမ်းမြို့နယ်သည် ရပ်ကွက်သုံးရပ်ကွက်သာရှိပြီး လက်ရှိမဲစာရင်းဦးရေမှာ စာရင်းတွင်ပါဝင်သူ ၁၅၅၉ ဦး၊ ပုံစံ(၃)-(၁၅)ဦး၊ ပုံစံ(၃)(က)-၃၈၉ဦး၊ ပုံစံ(၄)-ငါးဦးနှင့် ပုံစံ(၄)(ဂ)-ရှစ်ဦး ဖြစ်ပြီး မြို့နယ်တွင် မဲရုံသုံးရုံဖြင့် ပြည်သူများလွယ်ကူအဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ဗညားမောင်မောင်(ပြန်/ဆက်)**




# လက်ပံလှကျေးရွာ၌ မြေငှားဂရန် ပေးအပ်

**ခင်ဦး အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် လက်ပံလှကျေးရွာ၌ ကျေးရွာမြေငှားဂရန် (မြေငှားစာချုပ်) ပေးအပ်ပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက ရွာလည်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထူးလွင်က အမှာစကားပြောကြားပြီး ကျေးရွာရှိ အိမ်ထောင်စုပေါင်း ၂၂၅ စုကို တာဝန်ရှိသူများက မြေငှားဂရန်များ ပေးအပ်ခဲ့သည်။ လက်ပံလှကျေးရွာတွင် မြေငှားဂရန်ထုတ်ပေးရန် အိမ်ထောင်စုပေါင်း ၃၁၅ စု ရှိရာ အိမ်ထောင်စု ၂၂၅ စုကို မြေငှားဂရန် ထုတ်ပေးခဲ့ပြီး အိမ်ထောင်စု ၉၀ ကို လယ်ယာမြေဥပဒေ ပုဒ်မ-၃၀အရ ကျေးရွာမြေအဖြစ် အခြားနည်းအသုံးပြုခွင့်လျှောက်ထားစေခဲ့ပြီး ခွင့်ပြုမိန့်ရရှိပါက ကျေးရွာမြေငှားဂရန်ရရှိရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဝင်းနိုင်က ပြောသည်။

**ခင်ဦးစိုးဝေ**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

# ဘက်လိုက်သော သတင်းထုတ်လွှင့်ချက်များသည် လွတ်လပ် တရားမျှတသော ရွေးကောက်ပွဲကို ထိခိုက်လာစေနိုင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**သတင်းထုတ်ပြန်ချက်**

**နေပြည်တော် အောက်တိုဘာ ၁၈**

၁။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၈ ရက် ဘီဘီစီ (မြန်မာပိုင်းအစီအစဉ်)၏ နံနက်ပိုင်းအစီအစဉ်တွင် လှိုင်သာယာမြို့နယ်နေ ကိုအောင်ဆိုသူမှ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြောဆိုချက်ကို ထုတ်လွှင့်ခဲ့ပါသည်။ ထုတ်လွှင့်ချက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ရေဒီယိုနှင့် ပိုက်ဆံများပေး၍ မဲဆွယ်လျက်ရှိကြောင်း၊ မှတ်ပုံတင်နံပါတ်များ တောင်းခံကြောင်း ၊ ၎င်းတို့အနေဖြင့် ဆိုက်ကားများတွင် NLD အလံစိုက်ထားပြီး နဖူးစည်းများ စည်းထားကြောင်းနှင့် NLD ကိုသာ စိတ်ဝင်စားပြီး NLD အစိုးရဖွဲ့နိုင်ဖို့ မျှော်လင့်ကြောင်း ပြောဆိုချက်ကို ထုတ်လွှင့်သွားပါသည်။

၂။ အဆိုပါထုတ်လွှင့်ပြောကြားချက်အရ ငွေပေးမဲဆွယ်ပါက ရွေးကောက်ပွဲဥပဒေ ၅၈(က) အရ လာဘ်ပေးခြင်းနှင့် ငြိစွန်းပြီး တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ပါသည်။ NLD အလံထောင်ထားပြီး နဖူးစည်းစည်းထားသူတို့အား အခြားပါတီမှ ယခုကဲ့သို့ ငွေပေးမဲဆွယ်စည်းရုံးမည်မဟုတ်ပါ။ ငွေပေးစည်းရုံးပါကလည်း သိက္ခာချလို၍ လုပ်ကြံဆောင်ရွက်ချက်သာ ဖြစ်မည်ဟုယူဆရပါသည်။

၃။ သတင်းဌာနများသည် မီဒီယာကျင့်ဝတ်နှင့်အညီ ဘက်မလိုက်ဘဲ တိကျမှုတသော သတင်းများ ထုတ်လွှင့်သင့်ပါသည်။ မတိကျမမှန်ကန် ဘက်လိုက်သော သတင်းထုတ်လွှင့်ချက်များသည် လွတ်လပ် တရားမျှတသော ရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းစွာကျင်းပနိုင်ရေးကို ထိခိုက်လာစေနိုင်သည်ဟု ယူဆပါသည်။

၄။ သို့ဖြစ်ပါ၍ သတင်းဌာနများသည် မိမိတို့၏သိက္ခာကိုလေးစားပြီး မီဒီယာကျင့်ဝတ်များနှင့်အညီ ရေးသားထုတ်လွှင့်သွားကြပါရန် သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကြိုတင်မဲတွင် မဲလက်မှတ်၏ နောက်ကျော၌ သံရုံးတာဝန်ခံအရာရှိက လက်မှတ်ရေးထိုးထားပါကလည်း ခိုင်လုံသောမဲအဖြစ် သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်**

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၇ နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက်စီစဉ်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ၌ ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲပေးလျက်ရှိပါသည်။

ပြည်ပရောက်မဲဆန္ဒရှင်ပြည်သူများဆန္ဒပြုမည့် ကြိုတင်ဆန္ဒမဲလက်မှတ်ရှေ့ဘက် မဲရုံမှူးလက်မှတ်နေရာတွင် မဲရုံမှူးလက်မှတ်ပါရှိမည်မဟုတ်ပါ။ ကြိုတင်ဆန္ဒမဲလက်မှတ်နောက်ကျောတွင်သာ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ခံ၏အမည်၊ တံဆိပ်နှင့်လက်မှတ်ပါရှိပါမည်။ သို့သော်လည်း အချို့သောသံရုံးများသည် မဲရုံမှူးလက်မှတ်နေရာတွင် သံရုံးတာဝန်ခံမှ လက်မှတ်ရေးထိုးကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ ကြိုတင်မဲတွင် မဲလက်မှတ်၏ နောက်ကျော၌ ထုတ်ပေးသောမြို့နယ်မှ တံဆိပ်၊ အမည်၊ လက်မှတ်တစ်ခုခုပါပြီး မဲရုံမှူးနေရာတွင် သံရုံးတာဝန်ခံအရာရှိက လက်မှတ်ရေးထိုးထားပါကလည်း ခိုင်လုံသောမဲအဖြစ် သတ်မှတ်ပါမည်။

နိုင်ငံပြင်ပရောက် ဆန္ဒမဲပေးခွင့်ရှိသူများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ကြိုတင်ဆန္ဒမဲပေးခဲ့ခြင်းမရှိဘဲ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိသက်ဆိုင်ရာမဲရုံသို့ ပြန်လည်ရောက်ရှိ ဆန္ဒမဲပေးလိုပါက သက်ဆိုင်ရာမြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး အကြီးအမှူးတို့ထံမှ ဆန္ဒမဲမပေးရသေးကြောင်း သက်သေခံလက်မှတ်ကိုရယူပြီး သက်ဆိုင်ရာ မဲရုံမှူးထံတင်ပြ၍ ဆန္ဒမဲပေးနိုင်ကြောင်း ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် ပြည်ပရောက်မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရန်အတွက် အောက်တိုဘာ ၁၃ ရက်မှ ၂၃ ရက်အတွင်း သံရုံးများအလိုက် နေ့ရက်များသတ်မှတ်ပြီး မဲရုံများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၃ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ ၁၁ ဦး၊ အောက်တိုဘာ ၁၄ ရက်တွင် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ရှိ မြန်မာသံရုံး၌ ၄၂ ဦး၊ အောက်တိုဘာ ၁၅ ရက်တွင် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ရှိ မြန်မာသံရုံး၌ ခြောက်ဦး၊ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ မြန်မာသံရုံး၌ ၄၃ ဦး၊ စင်ကာပူနိုင်ငံ စင်ကာပူမြို့ရှိ မြန်မာသံရုံး၌ ၁၈၉၀၊ အစ္စရေးနိုင်ငံ တဲလ်အဗီးမြို့ရှိ မြန်မာသံရုံး၌ ၃၀၊ အောက်တိုဘာ ၁၆ ရက်တွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ မြန်မာသံရုံး၌ ၁၂၀၊ ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ မြန်မာသံရုံး၌ ၁၆ ဦး၊ ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ရှိ မြန်မာသံရုံး၌ ခုနစ်ဦး၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ရှိ မြန်မာသံရုံး၌ လေးဦး၊ ကူဝိတ်နိုင်ငံ ကူဝိတ်မြို့ရှိ မြန်မာသံရုံး၌ ရှစ်ဦး၊ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ မြန်မာသံရုံး၌ ၈၁ ဦး၊ စင်ကာပူနိုင်ငံ စင်ကာပူမြို့ရှိ မြန်မာသံရုံး၌ ၃၁၅၁ ဦးနှင့် အစ္စရေးနိုင်ငံ တဲလ်အဗီးမြို့ရှိ မြန်မာသံရုံး၌ ၁၂၆ ဦး စုစုပေါင်း ၅၅၃၇ ဦး ကြိုတင်ဆန္ဒမဲများ ပေးခဲ့ကြသည်။

အောက်တိုဘာ ၁၇ရက်ကလည်း ထိုင်းနိုင်ငံ၊ တရုတ်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ အီဂျစ်၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ပါကစ္စတန်၊ နီပေါ၊ ကူဝိတ်၊ ဗြိတိန်၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ နော်ဝေ၊ ကနေဒါ၊ ပြင်သစ်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ဂျပန်၊ လာအိုနှင့် အမေရိကန်ပြည်ထောင်စုရှိ မြန်မာသံရုံး (၂၂) ရုံး၊ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး (၂) ရုံး၊ ဟောင်ကောင်မြို့၊ အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့၊ တရုတ်နိုင်ငံ ကူမင်းမြို့နှင့် နန်နင်းမြို့၊ အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့နှင့် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး (၆) ရုံးတို့၌ မဲဆန္ဒရှင် ၆၃၆၉ ဦးတို့ လာရောက်၍ ကြိုတင်ဆန္ဒမဲများပေးခဲ့ကြသဖြင့် အောက်တိုဘာ ၁၃ ရက်မှ ၁၇ ရက်အထိ ကြိုတင်ဆန္ဒမဲပေးခဲ့ကြသည့် မဲဆန္ဒရှင်စုစုပေါင်း ၁၁၉၀၆ ဦးရှိကြောင်း သိရသည်။ ကြိုတင်ဆန္ဒမဲလာရောက်ပေးကြသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေးအတွက် မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများအနေဖြင့် လိုအပ်သည်များ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ဘာလင်မြို့ မြန်မာသံရုံး၌ ပြည်ပရောက်မြန်မာနိုင်ငံသားတစ်ဦး ကြိုတင်ဆန္ဒမဲ ပေးနေစဉ်။

နိုင်ငံပြင်ပရောက် ဆန္ဒမဲပေးခွင့်ရှိသူများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ကြိုတင်ဆန္ဒမဲပေးခဲ့ခြင်းမရှိဘဲ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိသက်ဆိုင်ရာမဲရုံသို့ ပြန်လည်ရောက်ရှိ ဆန္ဒမဲပေးလိုပါက သက်ဆိုင်ရာ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး အကြီးအမှူးတို့ထံမှ ဆန္ဒမဲမပေးရသေးကြောင်း သက်သေခံလက်မှတ်ကိုရယူပြီး သက်ဆိုင်ရာမဲရုံမှူးထံ တင်ပြ၍ ဆန္ဒမဲပေးနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကယားပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၈**

ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် မော်ချီးဒေသ၌ အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ နေအိမ် ၆၀ ခန့် ပြိုကျပျက်စီးခဲ့ပြီး အမျိုးသား ၁၀ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၇ ဦး သေဆုံး၍ အမျိုးသား သုံးဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ခုနစ်ဦး ပျောက်ဆုံးခဲ့ကာ အိမ်ထောင်စု ၉၈ စုမှ လူဦးရေ ၃၆၉ ဦးမှာ သဘာဝဘေးဒဏ် ကြုံတွေ့ခဲ့ရသဖြင့် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ရွှေ့ပြောင်းနေရာချထားပေးခဲ့ရသည်။ ထို့ပြင် မော်ချီးတောင်ပေါ်ကျေးရွာများမှာ နေထိုင်ရန်အန္တရာယ်ရှိသဖြင့် ထပ်မံရွှေ့ပြောင်းလာသော ဒေသခံပြည်သူ ၁၁၈၆ ဦးအား ကယ်ဆယ်ရေးစခန်းများသို့ ကူညီရွှေ့ပြောင်းပေးခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ကယားပြည်နယ် မီးသတ်ဦးစီးမှူး ဦးစီးသည့် ရှာဖွေကယ်ဆယ်ရေး တပ်ခွဲ(၁)ခွဲမှ တပ်ဖွဲ့ဝင်များသည် မော်ချီးအောက်ရွာနှင့် တောင်ပေါ်ကျေးရွာဆက်သွယ်သည့်လမ်းအား ယာယီလမ်းအဖြစ် ဖောက်လုပ်ပေးခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဆလိုဗက်နိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် အောက်တိုဘာ ၁၉**

မစ္စတာ စတန်နီစလပ် အိုပီလာအား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆလိုဗက်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ စတန်နီစလပ် အိုပီလာအား ၁၉၅၂ ခုနှစ် ဇွန်လ ၁၆ ရက်တွင် ဆလိုဗက်နိုင်ငံ လီဗိုကာမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၇၁ ခုနှစ်တွင် ဘရာတီစလာဗာစီးပွားရေးတက္ကသိုလ်မှလည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် မော်စကို နိုင်ငံတကာဆက်ဆံရေးတက္ကသိုလ်မှလည်းကောင်း အောင်မြင်ခဲ့သူဖြစ်ပါသည်။ ၁၉၇၅ ခုနှစ်တွင် ယခင် ချက်ကိုဆလိုဗက်ကီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ၁၉၈၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကွန်ဂိုနိုင်ငံနှင့် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၂ ခုနှစ်အထိ တူနီးရှားနိုင်ငံဆိုင်ရာ ချက်ကိုဆလိုဗက်ကီးယားသံရုံးများအပါအဝင် ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းနောက် ၁၉၉၃ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ တူနီးရှားနိုင်ငံဆိုင်ရာ ဆလိုဗက်သမ္မတနိုင်ငံသံရုံး ယာယီတာဝန်ခံအဖြစ်လည်းကောင်း၊ ၁၉၉၄ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ဆလိုဗက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဥရောပနိုင်ငံများ ပေါင်းစည်းညီညွတ်ရေးဆိုင်ရာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ကနေဒါနိုင်ငံဆိုင်ရာ ဆလိုဗက်သမ္မတနိုင်ငံသံရုံး ဒုတိယသံရုံးအကြီးအကဲနှင့် သံရုံးယာယီတာဝန်ခံအဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဆလိုဗက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဥရောပအလယ်ပိုင်းဒေသပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဆိုင်ရာ အမျိုးသားညှိနှိုင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၉၉ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ကနေဒါနိုင်ငံဆိုင်ရာ ဆလိုဗက်သံရုံး ဒုတိယအကြီးအကဲ၊ ဆလိုဗက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အဆင့်မြင့်အရာထမ်းနှင့် ကနေဒါနိုင်ငံဆိုင်ရာ ဆလိုဗက်သံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဆလိုဗက်နိုင်ငံခြားရေးဝန်ကြီးဌာန ကုလသမဂ္ဂဆိုင်ရာဦးစီးဌာနတွင် အဆင့်မြင့်အရာထမ်းအဖြစ်လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဝန်ကြီးချုပ်ရုံးတွင် ဒင်းညူဒေသဆိုင်ရာ အီးယူမဟာဗျူဟာသို့ ဆလိုဗက်သမ္မတနိုင်ငံမှ အဖွဲ့ဝင်ဖြစ်ရေးဆိုင်ရာ အမျိုးသားညှိနှိုင်းရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီးဌာန အမေရိကဦးစီးဌာနတွင် အဆင့်မြင့်အရာထမ်းအဖြစ်လည်းကောင်း တာဝန်များအဆင့်ဆင့်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်မှ စတင်၍ ဆလိုဗက်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအဖွဲ့တွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးသုံးယောက်ရှိသည်။

**(သတင်းစဉ်)**

# အီဂျစ်၌ သုံးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ပါလီမန်ရွေးကောက်ပွဲ ကျင်းပ



**ကိုင်ရို အောက်တိုဘာ ၁၈**

အီဂျစ်နိုင်ငံ၌ သုံးနှစ်တာကာလအတွင်း ပထမဆုံး အကြိမ် ပါလီမန်ရွေးကောက်ပွဲကို အောက်တိုဘာ ၁၈ ရက်တွင် စတင်ကျင်းပကြောင်း ဒေသဆိုင်ရာ သတင်းဌာန များက သတင်းထုတ်ပြန်သည်။

ပြည်သူတို့ ကာလရှည်မျှော်လင့်စောင့်စားနေခဲ့ကြ သော ရွေးကောက်ပွဲကို အောက်တိုဘာ ၁၇ ရက်နှင့် ဒီဇင်ဘာ ၂ ရက်အကြား ကာလတွင် အဆင့်နှစ်ဆင့်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ပြည်ပရောက် အီဂျစ်နိုင်ငံသား များသည် အောက်တိုဘာ ၁၇ ရက်တွင် မဲပေးခွင့်ရရှိ ခဲ့ကြသည်။

ရွေးကောက်ပွဲကာလအတွင်း စစ်သွေးကြွတို့၏ တိုက် ခိုက်မှုများ ဖြစ်ပေါ်လာခြင်း မရှိစေရန် လုံခြုံရေး တင်းကျပ် ထားသည်။ အီဂျစ်နိုင်ငံ၌ သမ္မတ မိုဟာမက်မော်စီ ရာထူး မှ ဖြုတ်ချခံခဲ့ရပြီးနောက် စစ်သွေးကြွများက ဘေးအန္တရာယ် ပေးရန် ခြိမ်းခြောက်မှုများကို ပုံမှန်ပြုလုပ်ခဲ့ကြသည်။ အောက်တိုဘာ ၁၈ ရက် အစောပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့က ဗုံးနှစ်လုံးကို ရှာဖွေတွေ့ရှိခဲ့သည်။ အီဂျစ်နိုင်ငံ ဖာယွမ်း ပြည်နယ်ရှိ မဲရုံတစ်ရုံအနီး၌ ဗုံးထောင်ထားခြင်းဖြစ်သည်။

အီဂျစ်ပြည်သူများအားလုံး မဲပေးကြပါရန် သမ္မတ အဗ္ဗဒီးလ်ဖာတား အယ်လ်စီစီက အောက်တိုဘာ ၁၇ ရက်တွင် နိုင်ငံတစ်ဝန်းသို့ ရုပ်မြင်သံကြားမှတစ်ဆင့် မိန့်ခွန်းပြောကြားရာတွင် တိုက်တွန်းခဲ့သည်။

**ဆင်ဟွာ။**



# သြစတြေးလျ၌ နေရောင်ခြည်စွမ်းအင်သုံးကားပြိုင်ပွဲ ကျင်းပ

**ဒါဝင် အောက်တိုဘာ ၁၈**

ကမ္ဘာတစ်ဝန်းမှ ကားပြိုင်ပွဲဝင်အသင်းပေါင်း ၄၀ ကျော်သည် သြစတြေးလျနိုင်ငံ နေရောင်ခြည် စွမ်းအင်သုံး ကားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ကမ္ဘာ့နေရောင်ခြည်စွမ်းအင်စမ်းသပ်မှုဟု အမည်ပေးထားသည့် ယင်းပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက်တွင် စတင်ယှဉ်ပြိုင်ကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲသည် ဒါဝင်မြို့မှစတင်တာလွှတ်၍ မြောက်ပိုင်း အယ်ဒီလိတ်မြို့အထိ ကီလိုမီတာ ၃၀၀၀ ရှည်လျားသည့် ပြိုင်ပွဲတစ်ခုဖြစ်ပြီး နှစ်နှစ်တစ်ကြိမ်ကျင်းပသည်။

နိုင်ငံပေါင်း ၂၀ ကျော်မှ ပြိုင်ပွဲဝင်ကားအသင်းပေါင်း ၄၂ သင်းပါဝင်ယှဉ်ပြိုင်ကြပြီး ဂျပန်နိုင်ငံက ငါးသင်း ဝင်ရောက်ယှဉ်ပြိုင်သည်။ တိုခီတက္ကသိုလ်အသင်းသည် ၂၀၁၁ ခုနှစ်ကတည်းက ပထမဆုကိုရရှိရန် မျှော်လင့်လျက်ရှိ သည်။ ပဏာမအကြိုပြိုင်ပွဲတွင် တိုခီတက္ကသိုလ်အသင်းပြိုင်ပွဲဝင်ကားသည် ပထမရသည့်ကားထက် ၁၀ မိနစ်နောက်ကျပြီး ပန်းဝင်ခဲ့သည်။

တိုခီတက္ကသိုလ်အသင်းနည်းပြက အသေးအဖွဲအမှားအယွင်းများကို ရှောင်ရှားပြီး တည်တည်ငြိမ်ငြိမ်ဖြင့် အောင်မြင်မှုရယူသွားနိုင်ရန် ထုတ်ဖော်ပြောကြားခဲ့သည်။ ပြိုင်ပွဲဝင်ကားများသည် နေ့အချိန်တွင်သာ ယှဉ်ပြိုင် မောင်းနှင်ကြမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# ဂျပန်ဝန်ကြီးချုပ်နှင့် တောင်ကိုရီးယားသမ္မတတို့ သီးသန့်တွေ့ဆုံမည်

**ကျိုတို အောက်တိုဘာ ၁၈**

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးတို့သည် ပထမဆုံးအကြိမ် သီးသန့်အစည်းအဝေးတစ်ရပ် ကျင်းပရန်စီစဉ်လျက်ရှိကြောင်း သတင်းများအရ သိရသည်။

နိုဝင်ဘာ ၁ ရက်တွင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပမည့် ဂျပန်-တောင်ကိုရီးယား-တရုတ် သုံးပွင့်ဆိုင်ထိပ်သီး အစည်းအဝေးပွဲကျင်းပစဉ်ကာလအတွင်း ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံ ခေါင်းဆောင် နှစ်ဦးတို့ သီးသန့်တွေ့ဆုံရန် စီစဉ်ထားသည်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေးအနေဖြင့် သုံးပွင့်ဆိုင်ထိပ်သီးအစည်းအဝေးပွဲကာလအတွင်း တောင်ကိုရီးယား သမ္မတနှင့် သီးသန့်တွေ့ဆုံဆွေးနွေးရန်စီစဉ်ထားကြောင်း ဂျပန်အစိုးရအဖွဲ့ အတွင်းရေးမှူးဟောင်း တိုက်ကီရို ကာဝါမူရာကဆိုသည်။

တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးက ဂျပန်ဝန်ကြီးချုပ်နှင့်သီးသန့်တွေ့ဆုံ ဆွေးနွေးမည်ကို အမေရိကန်ပြည်ထောင်စုတွင် အောက်တိုဘာ ၁၅ ရက်က မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့ကြောင်းသိရ သည်။ ဂျပန်အစိုးရအဖွဲ့တာဝန်ရှိသူများကလည်း အဆိုပါနှစ်နိုင်ငံသီးသန့်တွေ့ဆုံပွဲကို ကြိုဆိုကြသည်။ တောင်ကို ရီးယားအစိုးရအဖွဲ့က အဆိုပါဆွေးနွေးပွဲတွင် ဒုတိယကမ္ဘာစစ်အတွင်း တောင်ကိုရီးယားအမျိုးသမီးများအပေါ် ဂျပန်တို့၏ လိင်ကျေးကျွန်အဖြစ်ဆက်ဆံမှုများနှင့် ပတ်သက်ပြီး ညှိနှိုင်းမှုများပြုလုပ်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။

သို့သော် ယင်းကိစ္စနှင့်ပတ်သက်ပြီး ဂျပန်နိုင်ငံအနေဖြင့် ညှိနှိုင်းမှုများ လုပ်ဆောင်ရန် ဆန္ဒမရှိကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဂျပန်အစိုးရအဖွဲ့အနေဖြင့် မြောက်ကိုရီးယားနျူကလီးယားအရေး၊ ဒုံးပစ်လက်နက်ဆိုင်ရာ ဖွံ့ဖြိုးမှုများ အပါအဝင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို တောင်ကိုရီးယားနိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန်သာ ဆန္ဒရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# တိုင်ဖုန်းမုန်တိုင်း "ကွတ်ပူ" ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်

**မနီလာ အောက်တိုဘာ ၁၈**

ဖိလစ်ပိုင်နိုင်ငံမြောက်ဘက်ပိုင်းသို့ တိုင်ဖုန်းမုန်တိုင်း 'ကွတ်ပူ'ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် လူနေအိမ်အများ အပြားထိခိုက်ပျက်စီးပြီး လျှပ်စစ်ဓာတ်အားလိုင်းများပြတ် တောက်ကာ ဒေသခံပြည်သူများ ဘေးကင်းသောနေရာ များသို့ စွန့်ခွာထွက်ပြေးခဲ့ရသည်။

လူဇွန်ကျွန်းပေါ်ရှိ ကာစီဂူရန်မြို့သို့ ယနေ့နံနက်ပိုင်းက တိုင်ဖုန်းမုန်တိုင်းစတင်ဝင်ရောက်တိုက်ခတ်ခဲ့ပြီး လေတိုက် နှုန်းမှာ တစ်နာရီ ၁၂၄ မိုင်နှုန်းနီးပါးရှိခဲ့သည်။

ဒေသအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိပြီး အချို့နေရာများတွင် မြေပြိုမှုများဖြစ်ပွားလျက်ရှိသည်။

လူဇွန်ကျွန်းပေါ်ရှိ ဒေသခံပြည်သူ ၁၆၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ပို့ဆောင်ပေးခဲ့ရကြောင်းနှင့် ယခု အချိန်ထိတိုင် လူအသေအပျောက်မရှိသေးကြောင်း အမျိုးသားဘေးအန္တရာယ်လျော့ချရေးကောင်စီအကြီး အကဲ အလက်ဇန္ဒား ပါမာက ဆိုသည်။

တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် စီရင်စု ၂၇ ခုရှိ စာသင်ကျောင်းများကို အောက်တိုဘာ ၁၇ ရက်ကစပြီး ယာယီပိတ်ထားသည်။ ပြည်တွင်းလေကြောင်းလိုင်း ၃၈ လိုင်းနှင့် နိုင်ငံတကာလေကြောင်းလိုင်း နှစ်လိုင်းတို့ကို ရာသီဥတုဆိုးရွားမှုကြောင့် ယာယီရပ်ဆိုင်းထားပြီး ရေကြီးရေလျှံမှုများကြောင့် မော်တော်ကားလမ်းပိုင်း ၁၄ ခုနှင့် တံတား ၁၀ စင်းတို့ကို ဖြတ်သန်းခွင့်ယာယီပိတ်ထား သည်။

အူရိုယာစီရင်စုရှိ ကာစီဂူရန်နှင့် ဒီလာဆက်ဂျ်မြို့တို့ တွင် ရာသီဥတုဆိုးရွားမှုကြောင့် ဆက်သွယ်မှုများပြတ် တောက်နေသည်။ ခရီးသွားပြည်သူ ၅၅၈၀ ခန့်သည် တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် နိုင်ငံအတွင်းရှိ ဆိပ်ကမ်းများတွင် သောင်တင်လျက်ရှိကြောင်း အလက် ဇန္ဒားပါမာက ပြောသည်။

ယခုအချိန်တွင် မုန်တိုင်းသည် နိုင်ငံ၏အနောက် ဘက်သို့ တစ်နာရီ ၃ မိုင်နှုန်းဖြင့် ရွေ့လျားသွားကြောင်း ၎င်းကဆက်လက်ပြောသည်။

**ဆင်ဟွာ။**



# တရုတ်ရေတပ်သင်္ဘောများအလည်အပတ်လာရောက်မှု အလေးအနက် စဉ်းစားသွားမည်ဟု သီရိလင်္ကာပြော

**ပေကျင်း အောက်တိုဘာ ၁၈**

တရုတ်ရေတပ်စစ်သင်္ဘောများ မိမိ၏ နိုင်ငံသို့ အလည်အပတ်လာရောက်ရန် ယခုအချိန်အထိ ခွင့်ပန်ခြင်း မရှိသေးသော်လည်း ခွင့်ပန်လာမည်ဆိုပါက ယင်းသို့ အလည်အပတ်လာရောက်ရန် ခွင့်ပြုချက်ပေးရေးကိစ္စနှင့် ပတ်သက်၍ အလေးအနက် စဉ်းစားသွားမည်ဖြစ်ကြောင်း သီရိလင်္ကာကာကွယ်ရေးဝန်ကြီးက အောက်တိုဘာ ၁၈ ရက်တွင် ပြောကြားလိုက်သည်။

သီရိလင်္ကာနိုင်ငံ၏ ယခင်အစိုးရအဖွဲ့သည် တရုတ် နိုင်ငံနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်ခဲ့ရာ အိန္ဒိယ နိုင်ငံအတွက် စိုးရိမ်ပူပန်စရာဖြစ်ခဲ့ရသည်။ ယခင်အစိုးရ အဖွဲ့လက်ထက်တွင် တရုတ်ရေငုပ်သင်္ဘောများ သီရိလင်္ကာ နိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ဖူးသည်။

သီရိလင်္ကာ သမ္မတသစ် မိုင်သီရိပါလာ သီရိသေနာ သည် တရုတ်နိုင်ငံနှင့်တည်ဆောက်ထားသည့် ဆက်ဆံရေး အနေအထားကို ပြန်လည်သုံးသပ်မည်ဟု ပြောကြားခဲ့ သည်။

မြို့တော်ကိုလံဘို၌ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံမှုဖြင့် ပင်လယ်ဆိပ်ကမ်း တည်ဆောက်ရေးစီမံကိန်းကိုလည်း ပြန်လည်သုံးသပ်မည် ဟု သီရိလင်္ကာအစိုးရအဖွဲ့သစ်က ပြောကြားခဲ့သည်။

အနာဂတ်ကာလတွင် တရုတ်ရေငုပ်သင်္ဘောများ သီရိ လင်္ကာနိုင်ငံသို့ အလည်အပတ်လာရောက်မှုများ ဖြစ်နိုင် ဖွယ်မရှိတော့ကြောင်း သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးက ဖေဖော်ဝါရီလတွင် ပေကျင်းသို့ ရောက်ရှိစဉ် ပြောကြား ခဲ့သည်။

**ရိုက်တာ။**




၂၀၁၅ ခုနှစ် ဇူလိုင် ၁၇ ရက်က ကယားပြည်နယ်အတွင်း ဓာတ်အားဖြန့်ဖြူးခြင်း အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(ပြန်/ဆက်)

**✻ ငြိမ်းချမ်းရေးမှ**

မီးရရှိသည်က ယနေ့ကစ ရေတွက်လျှင် နှစ်လပင်မပြည့်တတ်သေး။ မီးမရမီတုန်းက ဆိုလာကိုအသုံးပြုခဲ့သော်လည်း မှုန်ပျပျသာ။ အခုတော့ ထမင်းချက်၊ ရေနွေးအိုးတည်ကအစ လျှပ်စစ်ကို အသုံးပြုခြင်းဖြင့် မီးဖိုချောင်သူ့သက်တမ်းနှင့်တူစွာ မှိုင်းတက်နေသည့် မီးခိုးကျပ်ခိုးများကို ရှင်းထုတ်ပစ်ရဦးမည်။

"အရင်တုန်းကဆို စိတ်ထဲမှာ တအုံနွေးနွေးရှိခဲ့တယ်။ မူလတန်းကလေးတိုင်း လောပိတကိုသိတယ်။ လျှပ်စစ်ဓာတ်အားနဲ့ တစ်နိုင်ငံလုံးကို မီးပေးတဲ့နေရာ။ သို့သော်စိတ်မကောင်းခဲ့ရတာက ကယားပြည်နယ်မှာ မီးမရပါဘူး။ လမ်းပန်းဆက်သွယ်ရေးခက်ခဲတယ်။ တစ်နေရာနဲ့တစ်နေရာ အလှမ်းဝေးတယ်။ ပြည်နယ်ဧရိယာကျဉ်းမြောင်းတယ်လေ။ အခုကျွန်မတို့ရွာ မီးရပြီ။ တံတားတွေလည်းဆောက်ထားပေးတယ်ဆိုတော့ လွိုင်ကော်တက္ကသိုလ်မှာသွားတက်နေတဲ့ သမီးပြန်လာရင် ရောင်စုံမီးလေးတွေနဲ့ ခရစ္စမတ်နေ့လုပ်ဖြစ်မှာတော့ သေချာတယ်"ဟု မဲ့စဲ့မြို့သူ ဒေါ်ဂလဲရစ္စက ပြောသည်။

ရိုးသားအေးဆေးပြီး ပွင့်လင်းစွာပြောဆိုတတ်ကြသည့် ကယားတို့ဌာနီ ငွေတောင်ပြည်မှ တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ခံစားတတ်ကြပြီ။ ပြည်နယ်အတွင်း ယမ်းခိုးတို့မဝေ့တော့သည်မှာ အထိုက်အလျောက်ရှိခဲ့ပြီ။ ရက်အနည်းငယ်က တီဗွီဖန်သားပြင်တွင် တိုင်းရင်းသားအဖွဲ့ရှစ်ဖွဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လက်မှတ်ရေးထိုးဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ မိမိတို့ပြည်နယ်မှ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)လည်း ပါဝင်မည်ဟုမျှော်လင့်ထားသော်လည်း လက်တွေ့တွင် မပါဝင်သေးသည့်အခါ အသက်(၇၀)အရွယ်ရှိဖထီးစောထဲထယ် သက်ပြင်းရှိုက်မိသည်။

သူမျှော်မှန်းသလိုပင် ပြည်နယ်အတွင်းက ညီအစ်ကိုမောင်နှမများ အားလုံးလည်း ထာဝရငြိမ်းချမ်းရေးရရှိရန်လိုလားနေပြီး အေးချမ်းမှသာ ဖွံ့ဖြိုးမှုအစီအစဉ်များ အကောင်အထည်ဖော်နိုင်မည်ဆိုခြင်းကို သူကောင်းစွာသိသည်။

"၂၀၁၂ ခုနှစ်ကတည်းက အစိုးရနဲ့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးသဘောတူညီချက်ရယူခဲ့တာပါ။ တရားဥပဒေစိုးမိုးဖို့၊ တိုးတက်ဖွံ့ဖြိုးဖို့အတွက် ငြိမ်းချမ်းဖို့ လိုအပ်တယ်။ ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးပွဲတွေမှာ ကျွန်တော်တို့ဆီက အဖွဲ့တွေ ပူးပေါင်းလာဖို့ ပိုပြီးမျှော်လင့်တယ်"ဟု ဖထီးစောထဲထယ်က ပြောသည်။ လက်တွေ့အားဖြင့်လည်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် အစိုးရတို့အကြားမှ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးသဘောတူညီချက်၏ ရလဒ်များအဖြစ် ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား၊ လမ်းတံတားနှင့် မိုဘိုင်းတယ်လီဖုန်း အသုံးပြုမှုအခြေအနေများအားလုံး မြင့်မားလာခဲ့ပြီဖြစ်သည်။

ကယားပြည်နယ်၏ လျှပ်စစ်ကဏ္ဍ မြင့်မားလာစေဖို့အတွက် ဩဂုတ် ၂၃ ရက်က ဘီလူးချောင်းအမှတ် (၃) ရေအားလျှပ်စစ်စက်ရုံကို ဖွင့်လှစ်ပေးခဲ့ပြီး ၅၂ မဂ္ဂါဝပ် ထွက်ရှိသည့် ယင်းဓာတ်အားပေးစက်ရုံသည် ယခင်ရရှိထားသည့် လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ဘောလခဲနှင့် ဖားဆောင်းတို့သာမက ရှားတော၊ ရွာသစ်နှင့် မဲ့စဲ့မြို့အပါအဝင် ကျေးရွာပေါင်း ၂၅၄ ရွာကို တိုးချဲ့ကာ လျှပ်စစ်



သံလွင်တံတား(ဖားဆောင်း)အား ၂၀၁၅ခုနှစ် ဇူလိုင် ၁၇ ရက်က တွေ့ရစဉ်။

(ပြန်/ဆက်)

ဓာတ်အားများ ပေးဝေဖြန့်ဖြူးနိုင်ခဲ့ကြောင်း ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ပြောကြားသည်။

"လျှပ်စစ်ဓာတ်အားကို သုံးစွဲလာနိုင်တာက ကျွန်တော်တို့ ကယားပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အားတစ်ခုဖြစ်စေပါတယ်။ ဒေသစိုက်ပျိုးမွေးမြူရေးတွေနဲ့ တစ်နိုင်တစ်ပိုင် အသေးစားစက်မှုလုပ်ငန်းတွေ စတင်ဖွံ့ဖြိုးလာဖို့ လမ်းစဖြစ်သလို လူနေမှုအဆင့်အတန်းနဲ့ အလုပ်အကိုင်ရရှိမှုကိုလည်း ကူညီပေးနိုင်ပါတယ်။ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍတွေမှာ ကယားပြည်နယ်က အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးတွေနဲ့မခြား လုပ်ဆောင်နိုင်ဖို့ အင်အားတွေဖြစ်စေတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဘီလူးချောင်း အမှတ်(၃)ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲတွင် ပြောကြားသည်။

နိုင်ငံတော်က လာမည့်ဘဏ္ဍာနှစ်အတွင်း ကယားပြည်နယ်ရှိ အိမ်ထောင်စုများ၏ ၉၀ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အား လွှမ်းခြုံရရှိရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခင်က အိမ်ထောင်စု ၂ ဒသမ ၂၂ သန်းသာ လျှပ်စစ်ဓာတ်အားအသုံးပြုခွင့်ရှိသော်လည်း ယခုအချိန်တွင် အိမ်ထောင်စု ၃ ဒသမ ၃ သန်းကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

"မထင်မှတ်ထားနိုင်လောက်အောင် စည်ပင်ဝပြောလာခဲ့တယ်။ ဖားဆောင်းတံတားဖြစ်လာမယ်လို့ တစ်ခါမှ မတွေးမိခဲ့ဘူး။ အသေးဆုံးနဲ့ ဖွံ့ဖြိုးမှုအားအနည်းဆုံး ပြည်နယ်လေးကို နိုင်ငံတော်က ပစ်မထားဘူးဆိုတာ ယုံကြည်လာတယ်။ အခုဆိုရင် ဘောလခဲခရိုင်ထဲက ဖားဆောင်း-မယ်ဆည်နန်-မဲ့စဲ့-နန်းမန်းလမ်းတွေဟာ သံလွင်ချောင်းခြား ဝေးကွာတဲ့အဖြစ်ဆိုးတွေ ဖျောက်ဖျက်နိုင်ခဲ့ပြီ။ ကျွန်မတို့ မဲ့စဲ့ကနေ ပြည်မအထိ လွယ်လွယ်ကူကူ သွားနိုင်ပြီ"ဟု ဒေါ်ဂလဲရစ္စက ယနေ့အနေအထားကို ရှင်းပြသည်။

သံလွင်တံတား(ဖားဆောင်း)ကို ဇူလိုင် ၁၇ ရက်က ဖွင့်လှစ်ခဲ့ပြီး မဲ့စဲ့မှ ဖားဆောင်းသို့ လမ်းပန်းဆက်သွယ်မှု မြန်ဆန်လာခြင်းကြောင့် ရှမ်းပြည်နယ်သို့လည်းကောင်း၊ လွိုင်ကော်မှ မော်ချီး၊ ဆက်လက်၍ တောင်ငူမြို့သို့လည်းကောင်း လွယ်ကူစွာသွားနိုင်ပြီး တစ်နိုင်ငံလုံးနှင့် လွယ်လင့်တကူ ချိတ်ဆက်သွားလာနိုင်တော့မည်ဖြစ်သည်။

"သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိသေးတဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးဖို့ အလားအလာရှိတဲ့ ဒေသတွေကို အပျိုစင်ဒေသလို့ နိုင်ငံတကာက သတ်မှတ်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ ကယားပြည်နယ်ဟာ ငွေတောင်မင်းသမီးဒေသလို့ တင်စားချင်ပါတယ်။ အံ့မခန်းသဘာဝလျှိုမြောင်တောတောင်စိမ့်စမ်းတွေဟာ ငွေတောင်ပြည်ကြီးမှာ ရှုမျှော်မဆုံးကျယ်ပြောလှတာမို့ တစ်နိုင်ငံလုံးကို ထိန်ထိန်ညီးဖို့ လျှပ်စစ်မီးထုတ်လုပ်ပေးနိုင်တဲ့အပြင် နိုင်ငံရဲ့မီးခိုးမထွက်တဲ့ ဝင်ငွေရရှိအောင်လည်း ခရီးသွားလုပ်ငန်းကနေ စွမ်းဆောင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါက နိုင်ငံအတွက် အကျိုးရှိသလို ဒေသခံတွေအတွက်လည်း လူမှုစီးပွားဘဝတွေအားလုံး Changing ဖြစ်သွားမယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့် တည်ငြိမ်အေးချမ်းဖို့တော့ အဓိကလိုအပ်ပါတယ်။ ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီးပွားရေးလုပ်ချင်တာဖြစ်ဖြစ်၊ ကျန်းမာရေးမြှင့်ချင်တာဖြစ်ဖြစ်၊ ပညာရေးမြှင့်ချင်တာဖြစ်ဖြစ် မတည်ငြိမ်ရင်တော့ ဘယ်သူမှ စွန့်စားမှာမဟုတ်သလို လမ်းတွေဘယ်လောက်ဖောက်ဖောက်၊ အခြေခံအဆောက်အအုံဘယ်လောက်ကောင်းကောင်း မတည်ငြိမ်ဘူးဆိုရင်တော့ စောင့်ကြည့်နေကြမှာပဲလို့ ထင်ပါတယ်။ ဒါကြောင့် ကယားပြည်နယ်မှာ ယမ်းခိုးငွေ့တွေ မရှိမှ ကယားတို့ဌာနေကြီးတိုးတက်မယ်"ဟု Treasure motion Travelling မှ ကိုဖြိုးဝေရာဇာက သူ့အယူအဆကို ပြောသည်။

ကိုဖြိုးဝေရာဇာစိုးရိမ်သကဲ့သို့ပင် နိုင်ငံရေးမတည်ငြိမ်မှုများ၏ ရိုက်ခတ်မှုကြောင့် အယူဝါဒနှင့် ခံယူချက်များကွဲပြားကာ လက်နက်ကိုင်ပဋိပက္ခ ဖြစ်စဉ်များဖြစ်ပေါ်ခဲ့ရာ ကယားပြည်နယ်လည်း ပါဝင်ခဲ့ဖူးသည်။ မြန်မာပြည်မြေပုံထဲတွင် အသေးငယ်ဆုံးသော ကယားပြည်နယ်ကလေးသည် မတည်ငြိမ်မှုများကြောင့် တိုးတက်မှုနှေးကွေးခဲ့ရသည်။

ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ခက်ခဲကြမ်းတမ်းသည့် ခရီးလမ်းကို ကာလတာရှည်စွာ ဖြတ်သန်းလာခဲ့ရပြီး တိုင်းရင်းသားညီအစ်ကိုများ၏စိတ်ဝယ် နာကြည်းမှု၊ အားငယ်မှုနှင့် မယုံကြည်နိုင်မှုတို့ ရှိကောင်းရှိခဲ့မည်ဖြစ်သော်လည်း ယနေ့အချိန်တွင် တည်ငြိမ်အေးချမ်းမှုကြောင့် တိုးတက်ဖွံ့ဖြိုးခြင်း ရောင်နီဦးများ ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း နိုင်ငံရေးသုံးသပ်သူအချို့က ခန့်မှန်းသည်။

"တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ချုပ်ဆိုပြီးတဲ့နောက်ပိုင်း ကျန်နေသေးတဲ့အဖွဲ့တွေ ပါဝင်နိုင်ရေးကိုလည်း ဆက်လက်ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ကျန်နေသေးတဲ့ အဖွဲ့တွေအနေနဲ့ NCA ပါ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်လာတာနဲ့အမျှ အနှေးနဲ့အမြန် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါလာကြမှာဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးပြီး ပေါ်ပေါက်လာမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေက ရှေ့ကို ဆက်ဖို့ပဲရှိပါတယ်။ နောက်ပြန်လှည့်စရာ မရှိပါဘူး"ဟု နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များကို NCA လက်မှတ်ရေးထိုးပွဲတွင် ပြောကြားခဲ့ရာ ဖထီးစောထဲထယ်ကဲ့သို့ အေးချမ်းစွာ နေထိုင်လိုသူများကလည်း NCA တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)ပါဝင်လက်မှတ်ထိုးနိုင်ဖို့အရေး မျှော်လင့်ယုံကြည်ဆဲပင်ဖြစ်သည်။

တီဗွီအစီအစဉ်များ ပြီးဆုံးသွားသည့်တိုင် ဒေါ်ဂလဲရစ္စ၏ စိတ်အစဉ်မှာ NCA လက်မှတ်ရေးထိုးပွဲသတင်းမြင်ကွင်းများကို မြင်ယောင်နေဆဲ။ နိုင်ငံတော်သမ္မတအပါအဝင် တာဝန်ရှိသူများနှင့် တိုင်းရင်းသားအဖွဲ့အစည်းရှစ်ဖွဲ့မှ ခေါင်းဆောင်များ၏ ပြုံးရွှင်သောမျက်နှာထားဖြင့် တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်စွာ နှုတ်ဆက်နေကြသည်မှာ တစ်အူထုံ့ဆင်းညီရင်းအစ်ကိုများသဖွယ်။

"ကိုယ့်သားသမီးတွေလက်ထက်မှာ တိုးတက်စေချင်တယ်။ ခေတ်မီစေချင်တယ်။ တိုက်တာခိုက်တာတွေ၊ မိုင်းထောင်တာ၊ ဗုံးခွဲတာတွေ မကြုံချင်တော့ဘူး။ ဘေးပယောဂတွေကြောင့် ငြိမ်းချမ်းရေးနှောင့်နှေးမှာမျိုးလည်း မဖြစ်စေချင်ဘူး။ ဘုရားသခင် ငွေတောင်ပြည်ကို ကောင်းချီးပေးပါ"ဟု တိတ်တဆိတ်ဆုတောင်းမိကြောင်းကို သတင်းအဖွဲ့မှ မေးမြန်းသည့်အခါ တောက်ပသော အပြုံးတစ်ပွင့်ဖြင့် သူ့စိတ်ကူးကို ရင်ဖွင့်ပြောပြသည်။ ။

**○ ပထမပိုင်းမှ**

ကာကွယ်နိုင်ခြင်းတို့ကြောင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ပွဲအပြီးတွင် ကမ္ဘောဇပရိသတ်များက ချီးမြှင့်သည့် အကောင်းဆုံးဆုကို ဧရာဝတီဂိုးသမား ချမ်းငြိမ်းကျော်က ရရှိခဲ့ပြီး KBZ Group မန်နေဂျင်းဒါရိုက်တာ ဦးမိုးဆန်းအောင်က ချီးမြှင့်သည်။

အခြားပွဲစဉ်များတွင် အောင်ဆန်းကွင်း၌ ဟံသာဝတီအသင်းက ရခိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းက နေပြည်တော်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲစဉ် ၂၀ အပြီးတွင် ရန်ကုန်အသင်းက ၅၀ မှတ်ဖြင့် ပွဲမကုန်မီ ချန်ပီယံဖြစ်ခဲ့ပြီး ရတနာပုံအသင်းက ၁၉ ပွဲကစား ၃၉ မှတ်၊ မကွေးအသင်းက ၁၉ ပွဲကစား ၃၅ မှတ်၊ ဧရာဝတီအသင်းက ၁၉ ပွဲကစား ၃၄ မှတ်၊ ကမ္ဘောဇ အသင်းက ပွဲ ၂၀ ကစား ၃၂ မှတ်၊ ဇွဲကပင်အသင်းက ပွဲ ၂၀ ကစား ၂၃ မှတ်၊ ချင်းယူနိုက်တက်အသင်းက ပွဲ ၂၀ ကစား ၂၂ မှတ်၊ ဟံသာဝတီအသင်းက ပွဲ ၂၀ ကစား ၂၁ မှတ်၊ ဇေယျာရွှေမြေအသင်းက ၁၉ ပွဲကစား အမှတ် ၂၀၊ ရခိုင်အသင်းက ပွဲ ၂၀ ကစား ၁၈ မှတ်၊ နေပြည်တော်အသင်းက ပွဲ ၂၀ ကစား ၁၇ မှတ်၊ မနောမြေအသင်းက ပွဲ ၂၀ ကစား ၁၆ မှတ်တို့ရရှိထားသည်။

# နိုင်ငံနှင့် နိုင်ငံတကာအကျိုးအတွက် သုခုမပညာရပ်၏ အခန်းကဏ္ဍ

**မဟာသဒ္ဓမ္မဇောတိကဓဇ**
**စည်သူ ဒေါက်တာခင်မောင်ညွန့်**

**(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးအား ဂုဏ်ပြုကြိုဆိုပါ၏။ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တာဝန်ကို ထမ်းဆောင်စဉ်ကနှင့် အထက်ပါ ပြိုင်ပွဲကြီး ၂၁ နှစ်ကျော် စတင်ကတည်းက ပါဝင်ဆောင်ရွက်ခဲ့ရသူတစ်ဦးအနေနဲ့ ယခုနှစ် နေပြည်တော်တွင် ကျင်းပမည့် (၂၂)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးအား အောက်ပါဆောင်းပါးနှင့် ဂုဏ်ပြုကြိုဆိုလိုက်ပါသည်။**

အနုသုခုမပညာသည် သက်ရှိသတ္တဝါအားလုံးတွင်သာမက သြကာသလောကတွင်ရှိသော တော၊ တောင်၊ ရေ၊ မြေ၊ သဘာဝနှင့် ရာသီဥတုတို့တွင်လည်း ကိန်းအောင်းနေပါသည်။ ယင်းတို့မှ ထွက်လာသော အသံများ၊ ယင်းတို့၏ လှုပ်ရှားမှုများသည်ကား ဂီတသံများ၊ အကဟန်များပေတည်း။

သက်ရှိသတ္တဝါများအနက် အသိဉာဏ်အမြင့်ဆုံးရှိသော လူမှုကား ဆိုဖွယ်ရာမရှိပြီ။ ကမ္ဘာ့သိပ္ပံပညာရှင်ကြီးတို့၏ ဆင့်ကဲဖြစ်စဉ်ပြောင်းလဲမှုသမိုင်းတွင် လေးဖက်ထောက်သွားသော သတ္တဝါမှ နောက်ခြေ နှစ်ချောင်းကို မားမားရပ်၊ ရှေ့ခြေနှစ်ချောင်းကို လက်နှစ်ဖက်အဖြစ် အသုံးချလာနိုင်သော လူသားအဖြစ် ပီပြင်လာသည့် ဟိုမိုဆေးပီးရင်း (Homo-Sapien)ဖြစ်လာကတည်းက သုခုမပညာကို ဖော်ထုတ်နိုင်စွမ်းရှိလာလေသည်။ တြိဘင်္ဂ (Tribanga)ခေါ် ခန္ဓာကိုယ်၏ သုံးဆစ်ချိုး(ခေါင်း၊ ခါး၊ ခြေ၊ လက်)နှင့် ရပ်တည်သွားလာ လှုပ်ရှားနေသော လူသားများဖြစ်သည်။ ယင်းသုံးဆစ်ချိုးသည် အကပညာတွင် အခြေခံဖြစ်လာသည်။ ထို့အတူ သက်ရှိ၊ သက်မဲ့တို့သည် အသံကို ဖန်တီးထုတ်လွှင့်နိုင်ကြသည်။

သြကာသလောကတွင် ရေ၊ လေ၊ မီး၊ လျှပ်စီး၊ မိုးကြိုး၊ လျှေင်၊ တော်လည်း၊ ဥက္ကာပျံမှု စသည်တို့သည် သာယာသော ဂီတသံများ၊ ကြောက်မက်ဖွယ်အသံများ၊ ဆူညံသံများပင်ဖြစ်သည်။ သက်ရှိသတ္တဝါအားလုံးသည်လည်း အလားတူအသံများကို ထုတ်လွှင့်နေကြသည်။ လူသားသည် မိမိလျှာနှင့် ပါးစပ်မှအသံကို ထုတ်လွှင့်နိုင်ခြင်းသာမက ကျန်သောဒွာရရှစ်ပေါက်မှလည်း အသံထုတ်လွှင့်နိုင်သည်။ ယင်းအသံတို့သည်ကား လေစွမ်းအားနှင့် ထုတ်ခြင်းဖြစ်သည်။ ထို့အပြင် မိမိ၏ ခြေ၊ လက်၊ ခန္ဓာကိုယ်နှင့် ရိုက်ခတ်တီးဆောင့်၊ ခေါက်ပြီး အသံထုတ်နိုင်ကြသည်။ အခြားသတ္တဝါတို့လည်း ထုတ်နိုင်ကြပါသည်။ ထို့ကြောင့် လေနှင့် ရိုက်ခတ်တူရိယာပစ္စည်းများသည် လူသားအပါအဝင် သတ္တဝါအားလုံး၌ မွေးကတည်းက ပါလာပြီးဖြစ်သည်။ ထွက်ပေါ်လာသော အသံသည် သာယာငြိမ့်ညောင်းပြီး နားဝင်ဆံ့ပါက ဂီတသံ (Musical Sound)၊ နားဝင်မချို ကြမ်းတမ်းပါက ဆူညံသံ (noise)ဖြစ်သွားပါသည်။အလားတူ လှုပ်ရှားမှုများသည်လည်း လက်ခံနိုင်ပါက အက၊ လက်မခံနိုင်ပါက သရမ်းမှုဟု ဖြစ်လာသည်။

ယနေ့ မြန်မာနိုင်ငံဖြစ်လာသော ဤနိုင်ငံတွင် ရှေးဦးလူသားတို့၏ ကျောက်ဖြစ်ရုပ်ကြွင်း(fossil)များကို တွေ့ရှိသည်။ ပုံတောင်ဒေသတွင်တွေ့ရသော ရုပ်ကြွင်းများဖြစ်သော Bondaung Primate Fossil တို့ကို ကမ္ဘာ့ရုပ်ကြွင်းပညာရှင် Paleontologists တို့က ဓာတ်ခွဲခန်းတွင် စစ်ဆေးပြီးတညီတညွတ်တည်း မှတ်ချက်ချသည်မှာ "ယခုအထိရှေးအကျဆုံးဟု ယူဆထားသော အီဂျစ်ပြည် နိုင်းမြစ်ဝှမ်း၌ တွေ့ရသော ပရိုင်းမိတ်ရုပ်ကြွင်းများထက် ပုံတောင်ပရိုင်းမိတ်ရုပ်ကြွင်းများက နှစ်ပေါင်းသန်း ၄၀ ခန့်စောသည်" ဟု ဖြစ်ပါသည်။

မြန်မာ့မြေပေါ်တွင် ဖြစ်ပေါ်လာသော လူသားသည် အစားအစာရှာဖွေစားသောက်ရသော၊ တွေ့ရာကျောက်ခဲကျောက်တုံးတို့ကို ကိရိယာနှင့်လက်နက်အဖြစ် သုံးစွဲသော ကျောက်ခေတ်ဦး(Palaleolithic Age)မှသည် အစားအစာထုတ်လုပ်ပြီး ကျောက်တုံး ကျောက်ခဲတို့ကို ပို၍ ထက်မြက်သော ကိရိယာလက်နက်အဖြစ် ဖန်တီးနိုင်စွမ်းရှိသော ကျောက်ခေတ်လယ် (Mesolithic Age)နှင့် ကျောက်ခေတ်သစ် (Neolithic Age) သို့ဆင့်ကဲဆင့်ကဲ ဖြတ်သန်းလာခဲ့သည်။ ကျန်ရစ်သော ပစ္စည်းများက သာဓကပြုနေသည်။ ရှမ်းပြည်တောင်ပိုင်းရှိ ပြဒါးလင်းဂူများအတွင်းက နံရံပန်းချီများ၊ ရှေးဟောင်းသုတေသနတူးဖော်မှုမှရလာသော ပစ္စည်းများက ထိုခေတ်က သုခုမပညာ၊ အနုပညာများကို ဖော်ထုတ်ပြနေသည်။ အလားတူ မြို့ပြနိုင်ငံများခေတ် မင်းစဉ်မင်းဆက်များ ခေတ်က ပေါ်ထွန်းခဲ့သော မြို့ပြ၊ ကျေးရွာ လူ၊ နေရာ၊ ဒေသအသီးသီးရှိ မြေပေါ်မြေအောက်နှင့်ရေအောက် အဆောက်အအုံများ၌ တွေ့ရသော ရှေးဟောင်းပစ္စည်းတို့ကလည်း ထိုခေတ်က အနုသုခုမပညာ၊ အနုပညာများအကြောင်း ပြောပြနေကြပါသည်။

ရှေးပျူမြို့ဟောင်းတစ်ခုဖြစ်သော သရေခေတ္တရာ (ပြည်)တွင် ၁၉၆၆-၆၇ ခုနှစ် သုတေသနတူးဖော်မှုပြုစဉ်က တွေ့ရသော ပျူခေတ်ကြေးရုပ်ငါးခုကား ထိုခေတ်သုခုမပညာကို ဖော်ထုတ်လိုက်ပါသည်။ ယင်းတို့မှာ လေးလက်မခွဲခန့်ရှိ (၁) လေမှုတ်တူရိယာမှုတ်နေသော အရုပ်၊ (၂)တီးခတ်တူရိယာ စည်တီးနေသော အရုပ်၊ (၃)တီးခတ်တူရိယာလင်းကွင်းတီးနေသော အရုပ်၊ (၄)ကနေသော အရုပ်နှင့် (၅) အထက်ပါအရုပ်များ၏ တစ်ဝက်သာအရွယ်ရှိ လူရွှင်တော်ဟု ယူဆရသော အရုပ်၊ ကျောတွင် အထုပ်ပိုးထားပြီး ပြက်ရယ်ပြုမျက်နှာပေးနှင့် ဟန်ဖော်ပြနေသည်။ ကမ္ဘာကျော်ပြီး အမေရိကန်မှ ပြန်ရောက်လာသော ဤအရုပ်များက မြန်မာ့တူရိယာပစ္စည်းများမှာ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဟူသော ငါးပါးရှိနေပြီ ဖြစ်ကြောင်း သိရသည်။

ထိုမျှမကသေး မြန်မာ့သုခုမပညာကို နိုင်ငံအကျိုးအတွက်သာ အသုံးပြုခြင်းမဟုတ်သေးဘဲ နိုင်ငံတကာနှင့် ဆက်ဆံရေးတွင်လည်း အသုံးပြုခဲ့ကြောင်းကို နိုင်ငံခြားသမိုင်းမှတ်တမ်းများတွင် ခိုင်ခိုင်မာမာတွေ့ရပါသည်။ အေဒီ ၈၀၂ ခုနှစ်က ပျူသံအဖွဲ့တစ်ခုကို အိမ်ရှေ့မင်းသား သုနန္ဒာကိုယ်တိုင်ဦးဆောင်ပြီး တရုတ်ဧကရာဇ်ထံ စေလွှတ်ပါသည်။ ထိုစဉ်က တရုတ်ပြည်တွင် တန်မင်းဆက်များ အုပ်ချုပ်ချိန်ဖြစ်ပြီး ဧကရာဇ်၏ နေပြည်တော်မှာ ချန်အန်းဖြစ်သည်။ သံအဖွဲ့နှင့်အတူ ပျူယဉ်ကျေးမှု အဆို၊ အက၊ အတီးပညာရှင်တို့ကိုလည်း ခေါ်ဆောင်သွားသည်။ သံအဖွဲ့၏ အဓိကအကြောင်းမှာ တရုတ်-မြန်မာနယ်ခြား၌ နန်ချောင်နိုင်ငံတစ်ခုရှိသည်။ နန်ချောင်တို့သည် စားနပ်ရိက္ခာနှင့် လူကျွန်ဖမ်းလုပ်အားအတွက် တရုတ်၊ မြန်မာအတွင်းသို့ ဝင်ရောက်တိုက်ခိုက် လုယက်အနှောင့်အယှက်ပေးနေသည်။ ထို့ကြောင့် နန်ချောင်တို့နှင့် ဖြစ်သည့် တိုက်ပွဲများတွင် တရုတ်ဧကရာဇ်က မြန်မာနှင့်မဟာမိတ်ပြုရန် သို့မဟုတ် နန်ချောင်တို့အား မကူညီဘဲ ကြားနေရန်အတွက် အရေးဆိုရန် ဖြစ်ပါသည်။

ပျူသံအဖွဲ့သည် ပါလာသော ပျူသုခုမပညာရှင်တို့အား တရုတ်ဧကရာဇ်ကြီး၏ နန်းတော်တွင် သုံးကြိမ်တိတိ ကပြဖျော်ဖြေကြသည်။ အစီအစဉ်နှင့် ဖျော်ဖြေမှုများကိုလည်း တရုတ်ဘာသာနှင့်ရှင်းပြသည်။ ဧကရာဇ်ကြီးနှင့်တကွ တစ်နန်းတော်လုံး ပျူသုခုမအဖွဲ့ဖျော်ဖြေမှုကို များစွာနှစ်သက်သဘောကျကြသည်။ နန်းတွင်းသမိုင်းဆရာက ကဗျာစပ်ပြီး မှတ်တမ်းတင်သည်။ နန်းတွင်းပန်းချီဆရာက ပန်းချီဆွဲမှတ်တမ်းတင်သည်။ နန်းတွင်း ဂီတပညာရှင်က ဂီတသင်္ကေတများနှင့် ပျူသီချင်းနှင့်ဂီတကို မှတ်တမ်းတင်သည်။ ယင်းမှတ်တမ်းများကို တန်မင်းဆက်ဟောင်းနှင့် မင်းဆက်သစ် သမိုင်းမှတ်တမ်းများတွင် ဖော်ပြသိမ်းဆည်းထားခဲ့သည်။

သုခုမပညာရှင်များ၏ စွမ်းအားပြပြီးနောက်မှ ပျူအိမ်ရှေ့မင်းသားက လာရသောအကြောင်းရင်းကို လျှောက်တင်သောအခါ တရုတ်ဧကရာဇ်ကြီးက ယဉ်ကျေးမှုအဆင့်မြင့်လှသော ပျူနိုင်ငံမပျက်စီးစေသင့်ကြောင်း၊ နန်ချောင်တို့သည် တရုတ်နယ်စပ်တွင်လည်း ဒုက္ခပေးနေကြောင်း၊ ထို့ကြောင့် အရေးပေါ်လာပါက ပျူတို့၏ မဟာမိတ်အဖြစ် ကူညီမည်ဖြစ်ကြောင်း ကတိပေးလိုက်သည်။ အိမ်ရှေ့မင်းအား ဘွဲ့များ၊ လက်ဆောင်များပေးသည်။ ပျူမင်းအတွက်လည်း လက်ဆောင်များပါးသည်။ ပျူသုခုမအဖွဲ့ကိုလည်း လက်ဆောင်များ ချီးမြှင့်လိုက်သည်။

ဤသံအဖွဲ့၏ ကောင်းမြတ်သောနည်းကို နှောင်းခေတ်မြန်မာသံအဖွဲ့များနှင့် နိုင်ငံတကာ ဆက်ဆံရေးများတွင် အသုံးပြုလာကြသည်။ သံတမန်ရေး၊ နိုင်ငံရေးသာမက စီးပွားရေး၊ ကုန်သွယ်ရေးမှာပင် မြန်မာ့သုခုမပညာရှင်တို့အား အမှုထမ်းစေသည်။ သာဓကများစွာရှိသည့်အနက် တစ်ခုကိုသာဖော်ထုတ်ပြရပါလျှင် ညောင်ရမ်းမင်းဆက်လက်ထက်တွင် ဘက်စုံထူးချွန်ပြီး အမျိုးဘာသာ သာသနာပညာအတွက် ဆောင်ရွက်သော သာလွန်မင်းတရားကြီး (အေဒီ ၁၆၂၉-၁၆၄၈)သည် အခါအားလျော်စွာ နေပြည်တော် အင်းဝမြို့တွင် နိုင်ငံတကာ ကုန်စည်ပြပွဲ၊ လေလံတင်ပွဲ (International Emporium and Auction) ကို ကျင်းပပါသည်။ ထိုစဉ်က အနောက်နိုင်ငံမှ ဒတ်ချ်၊ အစ်တာလျံ၊ ပေါ်တူဂီများ၊ အရှေ့တောင်အာရှမှ ဆူမာတြား၊ ဂါခါး၊ အာချေ၊ မာလေးရှား၊ ဘာလီ၊ အိန္ဒိယ၊ သီဟိုနှင့် တရုတ်ပြည်တို့မှ ကုန်သည်တို့သည် မြန်မာနိုင်ငံ၏ အဓိကထွက်ကုန်များဖြစ်သော ဝါဂွမ်း၊ ချိတ်၊ ဆန်စပါး၊ ပတ္တမြားနှင့် ကျောက်စိမ်းတို့ကို လာရောက်ဝယ်ယူကြသည်။ လေလံပွဲတွင် လေလံဆွဲကြသည်။

သာလွန်မင်းသည် ရောက်လာသော နိုင်ငံခြားသားကုန်သည်တို့အား အင်းဝနေပြည်တော် နန်းရှေ့ကွက်လပ်တွင် ညစာစားပွဲကျင်းပပြီး မြန်မာ့အဆို၊ အက၊ အတီးဇာတ်သဘင်ရုပ်သေးတို့နှင့် ဧည့်ခံဖျော်ဖြေစေသည်။ နိုင်ငံခြားသား ကုန်သည်တို့သည် များစွာနှစ်သက်သဘောကျပြီး သူတို့၏ မှတ်တမ်းအစီရင်ခံစာများတွင် ဖော်ပြကြသည်။ နောက်နေ့များတွင် ကုန်စည်ပြပွဲနှင့် လေလံတင်ရောင်းချပွဲများတွင်လည်း သာလွန်မင်းကိုယ်တိုင် ပါဝင်သည်။ ဒတ်ချ်ကုန်သည်တို့က မြန်မာဆန်ဝယ်ရာတွင် ဈေးဆစ်သောအခါ သာလွန်မင်းက ဆန်ကောင်း၊ မကောင်း ကုန်သည်ကမသိ၊ စားသူကသာ သိသည်။ မြန်မာ့ဆန်စားကြည့်ပါက ဈေးမဆစ်ဘဲဝယ်ကြမည်။ အလားတူ မြန်မာပတ္တမြား ဝယ်သူတို့က ဈေးဆစ်ပြန်သောအခါ ပစ္စည်းကောင်းပါက ဈေးကောင်းပေးရတာ ထိုက်တန်သည်။ မြန်မာပတ္တမြား ဥရောပဈေးကွက်တွင် ဈေးကောင်းရ၍ ပတ္တမြားကုန်သည်များ မြတ်စွန်းနေကြောင်း၊ မြန်မာ့ဆန်မှာလည်း အရှေ့တောင်အာရှတွင် ဈေးကောင်းရနေကြောင်းကို ရှင်းပြသောအခါ အားလုံးအံ့သြသွားကြသည်။ အင်းဝနေပြည်တော်မှ ဘယ်မှမသွားသော သာလွန်မင်းသည် ကမ္ဘာ့သတင်းစုံအမှန် ဘယ်လိုသိနေပါသလဲ။ ဒတ်ချ်ကုန်သည်တို့သည် သူတို့ဌာနချုပ် ဒတ်ချ် အရှေ့အိန္ဒိယကုမ္ပဏီ၊ ဂျကာတာသို့ အစီရင်ခံရာတွင် မြန်မာဘုရင် သာလွန်မင်းသည် အလွန်အကင်းပါးပြီး စီးပွားကုန်သွယ်ရေးလာဘ်မြင်သူ (Thalun is a shrewd businessman) ဟု မှတ်ချက်ပေးထားသည်။ ဈေးမဆစ်တော့ဘဲ မြန်မာ့ဆန်နှင့်ပတ္တမြားတို့ ဝယ်သွားကြရာ မြတ်စွန်းကြသည်။

သုခုမပညာရှင်များကို စီးပွားရေး၊ ကုန်သွယ်ရေး၊ အခြားကိစ္စ၊ ဘာသာရေး၊ သာသနာရေး၊ ယဉ်ကျေးမှုတို့တွင်လည်း ပါဝင်ဆောင်ရွက်စေသော သာဓကများကား မြန်မာ့သမိုင်းတွင် မြောက်မြားစွာ တွေ့ရသည်။ အမျိုးသားရေးနိုးကြားရေး အမျိုးသားလှုပ်ရှားမှု၊ ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ လွတ်လပ်ရေးရရှိရေး၊ နိုင်ငံတော်ပြန်လည်တည်ထောင်ရေးတို့တွင် သုခုမပညာစွမ်းအား၊ သုခုမပညာရှင်တို့၏ စွမ်းချက်များကား ကျမ်းပြု၍ ပြီးစီးနိုင်မည် မဟုတ်ပါ။

ဒီမိုကရေစီ နိုင်ငံတော်တည်ထောင်နေသော လက်ရှိအချိန်တွင် ပြည်တွင်း ပြည်ပဆွေးနွေးပွဲများ၊ ညီလာခံများ၊ ထိပ်သီးတွေ့ဆုံပွဲ၊ အပြည်ပြည်ဆိုင်ရာ ဒေသဆိုင်ရာ လှုပ်ရှားမှုများ၊ အားကစားပွဲတော်ကြီးများ၊ အာဆီယံလှုပ်ရှားမှုကြီးများ၊ ဈေးပွဲတော်၊ လေလံပွဲတော်များ စသည်တို့တွင် အကြို၊ အဖွင့်၊ အပိတ် အခမ်းအနားများတွင် မြန်မာ့သုခုမပညာရှင်တို့၏ အစွမ်းပြမှု၏ အကျိုးသက်ရောက်မှုများကား မျက်မြင်ကိုယ်တွေ့ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်များကတည်းက အစိုးရအဆက်ဆက်တို့သည် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာသုခုမပညာများ တိမ်ကောပျောက်ကွယ်မသွားစေရန် ပြည်ထောင်စုနေ့ (ဖေဖော်ဝါရီ ၁၂ ရက်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၏ အထိမ်းအမှတ်နေ့များတွင် ရိုးရာသုခုမပညာရှင်တို့အား စင်တင်ကပြစေခဲ့သည်။ ကျောင်းများလည်းဖွင့်ပြီး မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းအမွေပေးစေသည်။

အထူးသဖြင့် ၂၁ရာစု ကမ္ဘာ့ကျေးရွာခေတ် Global Age သို့ရောက်လာသော ယခုအချိန်တွင် အခွင့်အလမ်းကောင်းများ ရရှိလာသလို စိန်ခေါ်မှုများ၊ အန္တရာယ်များလည်း ပါလာသည်။ ယင်းတို့အနက် ယဉ်ကျေးမှု စိန်ခေါ်မှုများသည် အကြီးမားဆုံးဖြစ်သည်။ သိပ္ပံနည်းပညာများနှင့် ယဉ်ကျေးမှုစိန်ခေါ်မှုများကို ရင်ဆိုင်ရန်မဖြစ်နိုင်ပါ။ ယဉ်ကျေးမှုစိန်ခေါ်မှုများကို မိမိတို့ဇာတိယဉ်ကျေးမှုစွမ်းအားနှင့်သာ ရင်ဆိုင်ကြရပါမည်။ ထို့ကြောင့် ယနေ့မျိုးဆက်သစ်လူငယ်တို့သည် ကမ္ဘာ့ကျေးရွာခေတ်၏ အခွင့်အလမ်းကောင်းများကိုသာ ယူကြရင်း စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် နှစ်စဉ်ကျင်းပသော တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးတွင်ပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

> "သက်ရှိသတ္တဝါများအနက် အသိဉာဏ်အမြင့်ဆုံးရှိသော လူမှုကား ဆိုဖွယ်ရာ မရှိပြီ။ ကမ္ဘာ့သိပ္ပံပညာရှင်ကြီးတို့၏ ဆင့်ကဲဖြစ်စဉ်ပြောင်းလဲမှုသမိုင်းတွင် လေးဘက်ထောက်သွားသော သတ္တဝါမှ နောက်ခြေနှစ်ချောင်းကို မားမားရပ်၊ ရှေ့ခြေနှစ်ချောင်းကို လက်နှစ်ဖက်အဖြစ် အသုံးချလာနိုင်သော လူသားအဖြစ် ပီပြင်လာသည့် ဟိုမိုဆေးပီးရင်း (Homo-Sapien) ဖြစ်လာကတည်းက သုခုမပညာကို ဖော်ထုတ်နိုင်စွမ်းရှိလာ"

# မျက်မမြင်မဲဆန္ဒရှင်များ ကိုယ်ကကြိုး ကိုယ့်ဒူး ယုံရပြီဟုဆို

**ရန်ကုန် အောက်တိုဘာ ၁၈**

၂၀၁၅ အထွေထွေရွေးကောက်ပွဲ၌ မျက်မမြင်မဲဆန္ဒရှင်များ မဲပေးရာတွင် ပယ်မဲများမဖြစ်စေရန်နှင့် မိမိပေးလိုသည့် ပါတီ၊ လူပုဂ္ဂိုလ်ကို လွတ်လပ်စွာမဲပေးနိုင်ရန်အတွက် နိုဝင်ဘာ ၂ ရက်တွင် Voter Education ပေးမည်ဖြစ်ကြောင်း ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ကွန်ပျူတာ (Trainer) ဦးအောင်လွင်ဦးက ပြောသည်။ ယခင်ရွေးကောက်ပွဲများအတွက် မျက်မမြင်များအနေဖြင့် မဲပေးရာတွင် အခြားသူတစ်ယောက်ကမဲရုံသို့ ခေါ်ဆောင်မှသာ မဲပေးခွင့်ရခဲ့ပြီး ယခုအခါတွင် ကိုယ်တိုင်ကိုယ်ကျ မဲပေးခွင့်ရရှိပြီဖြစ်သည်။ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းရှိ မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲအပေါ် ထားရှိသည့်မျှော်လင့်ချက်မှာ မဲပေးချင်သည့်ကိုယ်စားလှယ်လောင်းကို မဲပေးခွင့်ရမည်ဟု မျှော်လင့်ကြောင်းသိရသည်။

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် မဲပေးမည့် ကျောင်းသား၊ ဝန်ထမ်းမိသားစု စုစုပေါင်း ၇၅ ဦးခန့် မဲပေးရန်အတွက် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းဝင်းအတွင်း၌ မဲရုံ နှစ်ရုံ တည်ဆောက်မည်ဖြစ်ကြောင်း ဦးအောင်လွင်ဦး၏ ပြောပြချက်အရ သိရသည်။မြန်မာနိုင်ငံတွင် မဲရုံပေါင်းများစွာ ရှိသည့်အနက် မျက်မမြင်မဲဆန္ဒရှင်များအနေဖြင့် မျက်မမြင်အများစုရှိသော မျက်မမြင်ကျောင်းများ၊ မျက်မမြင် ပျိုးထောင်ရေးဂေဟာများတည်ရှိသည့် ကြည့်မြင်တိုင်၊ ခဝဲခြံ၊ စစ်ကိုင်း၊ ပြင်ဦးလွင်၊ မုံရွာ၊ မိတ္ထီလာ၊ မြစ်ကြီးနား အစရှိသောနေရာများ၌ လျှို့ဝှက်မဲပေး၍ရအောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းအပါအဝင်မျက်မမြင်ကျောင်း ခုနစ်ကျောင်းမှ မဲပေးပိုင်ခွင့်ရှိသူ ၃၀၀ ခန့်ရှိကြောင်း သိရသည်။ ယင်းကဲ့သို့မဲပေးရာတွင် မျက်မမြင်များကိုဖောင်းကြွ(Template)များဖြင့် မဲပေးမှု အဆင်ပြေစေရန် နိုဝင်ဘာ ၂ ရက်မှ ၇ ရက်အထိ သင်တန်းပေးသွားမည်ဖြစ်ပြီး ယင်းဖောင်းကြွ Template ဖြင့် မဲပေးမည့်စနစ်ကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သဘောတူလက်ခံပြီးဖြစ်ကြောင်း သိရသည်။

**(သီဟသူ)**






## ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဖဒိုရဲတပ်ဖွဲ့ မဲရုံများနှင့် ဆက်သွယ်သွားလာရန် အစမ်းလေ့ကျင့်

**ကျောက်တံခါး အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါး မြို့နယ် ဖဒိုရဲစခန်းအပိုင်တွင် ရှိသော ကျေးရွာအုပ်စု ၁၅အုပ်စုနှင့် မြို့ပေါ် ရပ်ကွက်ငါးရပ်ကွက်၊ ကျေးရွာပေါင်း ၆၀ကျော်အတွက် မဲရုံပေါင်း ၄၅ ရုံ တွင် မဲဆန္ဒရှင် လုပ်သားပြည်သူများ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် သန့်ရှင်းမျှတသော ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ မဲရုံလုံခြုံ ရေးနှင့် ဆက်သွယ်သွားလာမှုအချိန်၊ စကားပြောစက်၊ လက်ကိုင်ဖုန်း အသုံး ပြုကြာမြင့်ချိန်၊ အထူးရဲများနေရာချ ထားမှုပြုလုပ်ပြီး ဇုန်သုံးဇုန်ခွဲခြား၍ အနီးဆုံးနှင့် အဝေးဆုံးမဲရုံများသို့ ဆက်သွယ်နိုင်မည့် အချိန်ကာလ၊ လမ်းခရီးကြန့်ကြာမှုများ၊ တွက်ချက် စစ်ဆေးခြင်းများကို ဖဒိုရဲစခန်း ရဲအုပ်စန်းဝင်းသန်း ဦးဆောင်၍ ဆေးရိုးခင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှသိန်းနှင့်မဲရုံအဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အစမ်းလေ့ကျင့်ဆောင်ရွက်ကြသည်။ ထိုသို့ပြုလုပ်ရာတွင် အောက်တိုဘာ ဒုတိယပတ်တွင် ဆေးရိုးခင်အုပ်ချုပ်ရေးရုံး၌ လည်းကောင်း၊ ဘွဲ့ချင်ကျေးရွာအုပ်စု စာဖြူစုဘုန်းတော်ကြီး၌ လည်းကောင်း၊ အရိုင်းစု ကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံး၌ လည်းကောင်း အသီးသီး အစမ်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

ဖဒိုရဲစခန်းကိုဗဟိုပြုကာ ဇုန်နယ်မြေများသည် ငါးမိုင်မှ ခုနစ်မိုင်ကျော် အထိကွာဝေးကြပြီး လမ်းပန်းဆက်သွယ်ရေး အနည်းငယ် ခက်ခဲမှုရှိသော်လည်း ပါတီများ မဲဆွယ်စည်းရုံးမှုသည် စည်းကမ်းတကျရှိသဖြင့် ဖဒိုဒေသ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများသည် အဘက်ဘက်မှ ပြည့်စုံလျက်ရှိသည်ဟု သိရသည်။ **(သိန်းအေး)**

## ဆိပ်ကမ်းမြို့နယ်တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းစဉ်ဆောင်ရွက်ပုံ သင်တန်းဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲ၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းစဉ်ဆောင်ရွက်ပုံသင်တန်းကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းသို့ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် ၅၁ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး ရွေးကောက်ပွဲတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ လက်တွေ့သရုပ်ပြသခြင်းနှင့် အဖွဲ့လိုက်ပြန်လည်သင်ကြားခြင်းများလည်း ဆောင်ရွက်ကြကြောင်း သိရသည်။ **ရွှေနန်းကြည်(ပြန်/ဆက်)**

**❖ ကျောဖုံးမှ**

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုစီမံကိန်းကို ဂျပန်နိုင်ငံ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဂျပန်နိုင်ငံ၏ ချေးငွေဖြင့် သဘောတူညီဆောင်ရွက်ခြင်းဖြစ်သည်ဟု ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ မြန်မာရုံးခွဲမှ သိရသည်။

အဆိုပါ ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုစီမံကိန်းကို ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ချေးငွေသဘောတူညီမှုပြုခဲ့ပြီး စီမံကိန်း ပထမအဆင့်အနေဖြင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၏ ရန်ကုန်-တောင်ငူလမ်းပိုင်းကို အဆင့်မြှင့်တင်မှုများဆောင်ရွက်လျက်ရှိသည်။ အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ရာတွင် ရှိရင်းစွဲ ရထားလမ်းကို ကြံ့ခိုင်မှုပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ ကွန်ကရစ် ဇလီဖားတုံးများ လဲလှယ်ခြင်း၊ ကျောက်ခင်းခြင်းအပါအဝင် ဂျပန်နိုင်ငံ၏ နည်းပညာအကူအညီ၊ စက်ပစ္စည်းအကူအညီတို့ဖြင့် ဆောင်ရွက်နေပြီး စမ်းသပ်မောင်းနှင်မှုများကိုလည်း ပူးတွဲပြုလုပ်လျက်ရှိသည်ဟု သိရသည်။ လက်ရှိတွင် ရန်ကုန်-မန္တလေး အမြန်ရထားများမှာ တစ်နာရီလျှင် ကီလိုမီတာ ၄၀ နှုန်းခန့်ဖြင့်သာ မောင်းနှင်နိုင်မှုရှိရာ ရထားစီးနင်းမှုကြာမြင့်ချိန်မှာ ၁၆ နာရီခန့်ဖြစ်ပြီး ကားလမ်းခရီးထက် အချိန်နှစ်ဆနီးပါးခန့် ကြာမြင့်သည့် ခရီးစဉ်ဖြစ်နေကြောင်း၊ ယင်းအတွက်ကြောင့် အန္တရာယ်ကင်း၍ လိုရာခရီးကို သက်သောင့်သက်သာ ရောက်ရှိနိုင်သည့် ရထားခရီးစဉ်များတွင် ခရီးသည်လျော့နည်းကျဆင်းမှုများကို ပြန်လည်မြင့်တက်လာစေရန်အတွက် မြန်နှုန်းမြှင့်တင်မောင်းနှင်နိုင်ရေးအဆင့်မြှင့်တင်မှုများဆောင်ရွက်နေသည်ဟု သိရသည်။

"မြန်မာနိုင်ငံမှာ ရထားလမ်းအခြေခံအဆောက်အအုံတွေရှိပြီးသားဖြစ်ပါတယ်။ ရှိပြီးသားအခြေခံအဆောက်အအုံတွေကို ပြုပြင်ထိန်းသိမ်းမှုတွေပြုလုပ်ပြီး အဆင့်မြှင့်တင်မှုတွေကို ပြုလုပ်သွားပါမယ်။ ဂျပန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံကို အကူအညီများစွာ ပေးအပ်နေတဲ့နေရာမှာ နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုတဲ့ဟာလည်း ပါဝင်ပြီး နည်းပညာလွှဲပြောင်းပေးအပ်မှုတွေကိုလည်း ပြုလုပ်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာ့မီးရထားက ဝန်ထမ်းတွေကို နည်းပညာတွေကို စက်ပစ္စည်းတွေနဲ့ လက်တွေ့သင်ကြားပေးပြီးတော့ မြန်မာနိုင်ငံရဲ့ ရထားလမ်းအဆင့်မြှင့်တင်မှုတွေ၊ ရထားလမ်းဖောက်လုပ်မှုတွေမှာ မြန်မာ့မီးရထားဝန်ထမ်းတွေနဲ့ ဆောင်ရွက်လို့ရအောင် ဆောင်ရွက်ပေးနေပါတယ်။ အခုဆိုရင် သင်တန်းတွေ ပေးနေတာ နှစ်နှစ်လောက်ရှိပြီး အယောက် ၆၀၀ ကျော်လောက် သင်တန်းတွေ ပေးအပ်ခဲ့ပြီးပါပြီ။ ရှေ့နှစ်မှာဆိုရင် အယောက် ၇၀၀ လောက် ဖြစ်သွားမှာပါ။ ဒီဝန်ထမ်းတွေအသီးသီးဟာ မိခင်ဌာနတွေမှာ ကောင်းမွန်စွာ ထမ်းဆောင်နိုင်ကြမှာပါ"ဟု ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ မြန်မာရုံးခွဲ ကျွမ်းကျင်ပညာရှင်အဖွဲ့မှ ရထားလမ်းပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကျွမ်းကျင်ပညာရှင် Mr. Hiroshi Komatsu က ပြောသည်။

မြန်မာ့မီးရထားအနေဖြင့် ဂျပန်နိုင်ငံနှင့် ပူးပေါင်းကာ ရထားလမ်းပိုင်း အဆင့်မြှင့်တင်နေမှုများကို ဆောင်ရွက်နေရာတွင် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် တစ်နာရီလျှင် ကီလိုမီတာ ၈၀ မှ ၁၀၀ အထိ တိုးမြှင့်မောင်းနှင်နိုင်ရန် စီမံချက်ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပြီး လက်ရှိ မြန်မာနိုင်ငံ၏ ရထားလမ်းအကျယ်သည် ကီလိုမီတာ ၁၀၀ အထိ မြန်နှုန်းမြှင့်တင် မောင်းနှင်နိုင်သည်ဟု ဂျပန်ကျွမ်းကျင်ပညာရှင်က ပြောသည်။

"ကျွန်တော်တို့အနေနဲ့ JICA နဲ့ ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ အပိုင်းအလိုက်ရှိပါတယ်။ နံပါတ်တစ် အနေနဲ့ကတော့ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး၊ အဲဒီမှာမှ ရန်ကုန်-တောင်ငူ ၁၆၆ မိုင်ကို ဆောင်ရွက်နေပါတယ်။ ဒီအပေါ်မှာ ဂျပန်ရဲ့ ODA Loan နဲ့ဆောင်ရွက်တာဖြစ်တဲ့အတွက် အခုလက်ရှိမှာ ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုတွေကို ဆောင်ရွက်တာဖြစ်ပါတယ်။ လမ်းပိုင်းတောင့်တင်းကြံ့ခိုင်မှုကို ဆောင်ရွက်ပါတယ်။ အလားတူပဲ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုလုပ်နေသလို နောက်တစ်ပိုင်းကလည်း ပြုပြင်ထိန်းသိမ်းမှုတွေ ပြုလုပ်နေပါတယ်။ ဒီမှာကျွန်တော်တို့က မိုင်နှုန်းတိုးမြှင့်မောင်းနှင်ချင်တာဖြစ်ပါတယ်။ ဒီနေ့ စမ်းသပ်မောင်းနှင်တဲ့အခါ တစ်နာရီကို ၅၀ ကီလိုမီတာမောင်းမယ်။ နောက်တစ်နေ့ကို ၆၀ ကီလိုမီတာမောင်းမယ်။ တဖြည်းဖြည်းတိုးမြှင့်ပြီး မောင်းမယ်ဆိုရင် အရင်ကတော့ ၁၄ နာရီကျော်လောက် မောင်းနေရပါတယ်။ အခုဆိုရင် ဒီထက်လျှော့ပြီး မောင်းနှင်နိုင်မှာဖြစ်ပါတယ်။ ဒါပထမဆုံး စမ်းသပ်မောင်းနှင်မယ့်အပိုင်းဖြစ်ပါတယ်။ ဒါဆိုရင် အချိန်ကုန်သက်သာလာမှာဖြစ်သလို ငွေကုန်လည်းသက်သာလာပါမယ်"ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန (အောက်မြန်မာပြည်) အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောသည်။

လက်ရှိတွင် ရန်ကုန်-မန္တလေး အစုန်အဆန် ခရီးစဉ်များကို အမြန်ရထားတွဲဆိုင်း ၃ ဆိုင်းဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်းသိရပြီး နေ့စဉ် ခရီးသည် ၃၀၀၀ ဝန်းကျင်ခန့် သွားလာလျက်ရှိသည်ဟု သိရသည်။

မြန်မာ့မီးရထားအနေဖြင့် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်နေရာတွင် ကာလတို၊ ကာလလတ်၊ ကာလရှည်ဟူ၍ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေပြီး ကာလတိုစီမံကိန်းကို ၂၀၁၈ ခုနှစ်တွင်လည်းကောင်း၊ ကာလရှည်စီမံကိန်းကို ၂၀၃၅ ခုနှစ်အထိ လည်းကောင်း ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်ဟု သိရသည်။ ဂျပန်နိုင်ငံအနေဖြင့် အကူအညီများပေးအပ်နေရာတွင် ကူညီထောက်ပံ့ငွေဖြင့်လည်းကောင်း၊ အတိုးမဲ့ ချေးငွေအနေဖြင့်လည်းကောင်း၊ နည်းပညာ ပူးပေါင်းဆောင်ရွက်ပေးမှုအနေနဲ့လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

## မဲရုံမှူး၊ ဒုတိယမဲရုံမှူးများလုပ်ငန်းစဉ်ဆောင်ရွက်မှု သင်တန်းဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁၈**

မရမ်းကုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မဲရုံမှူး၊ ဒုတိယ မဲရုံမှူးများ လုပ်ငန်းစဉ် ဆောင်ရွက်မှုသင်တန်းကို ယနေ့ နံနက် ၈ နာရီက အထက(၁)မရမ်းကုန်း စန္ဒိမာခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမော်က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် ရွေးကောက်ပွဲ လုပ်ငန်းစဉ်အဆင့်ဆင့်ကို တာဝန်ရှိသူများက ပို့ချခဲ့ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင့်ဝါ(IPRD)**

## တူညီစိတ်ဝမ်း မျှော်ကာမှန်းလို့

❂ ရွေးကောက်ပွဲကြီး နီးလာပြီ
တို့မျှား မဲပေးမည်။
ပါတီစုံက ကိုယ်စားလှယ်လောင်း
နိုင်ငံတော်ကို ထုဆစ်ပြောင်း။

❂ အကောင်းဆုံးကို မျှော်မှန်းရည်
မဲပေးကြလို့ စုံစုံညီ
ပြည်မြန်မာ တိုးတက်ဖို့
ပြည်သူတွေက ရွေးချယ်စို့။

❂ ဒီမိုကရေစီ စနစ်နဲ့အညီ
ပါတီတိုင်းက မဲဆွယ်မည်
မဲပေးသူများ ရင်ဝယ်ထား
အသည်းကြားက မဲတစ်ပြား။

❂ နိုင်ငံသားတိုင်း တန်းတူညီ
မဲပေးပိုင်ခွင့် ရကြပြီ
တူညီစိတ်ဝမ်း မျှော်ကာမှန်း
တို့နိုင်ငံ၏ တိုးတက်လမ်း။

❂ မဟာမပန်း လျှောက်လှမ်းမည်
တိုးတက်ခေတ်မီ ပြည်သစ်ဆီ
ဒီမိုကရေစီ နိုင်ငံသား
ရင့်ကျက်အတွေးအခေါ် ပြစို့လား။
ကမ္ဘာ့အလယ်မှာ ဝင့်ဝင့်ကြွား။ ။

ဇင်ခန့်နိုင်

## ပူတာအိုမြို့ အလက(ခွဲ) ပန်းလှိုင်ကျောင်းသို့ mobile library ဆောင်ရွက်

**ပူတာအို အောက်တိုဘာ ၁၈**

ကျောင်းသားကျောင်းသူများအား စာဖတ်ခြင်းဖြင့် အထွေထွေဗဟုသုတများ ပြည့်ဝကာ ပညာရေးကဏ္ဍများ ပိုမိုတိုးတက်စေနိုင်စေရန် ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့ ပန်းလှိုင်ရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်းမှုဖြင့် mobile library ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါ mobile library ကွင်းဆင်းဆောင်ရွက်မှုတွင် ပဉ္စမတန်းမှ အဌမတန်းအထိ ကျောင်းသား ကျောင်းသူ ၆၇ ဦးနှင့် ဆရာ ဆရာမများက ကလေးရုပ်ပြစာအုပ်များ၊မဂ္ဂဇင်း၊ ကာတွန်း၊ ဂျာနယ် စာစောင်များကို ဖတ်ရှုလေ့လာခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ဆောင်ရွက်မှုများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မော်ချီးဒေသရှိ မြေပြိုဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ထောက်ပံ့

**နေပြည်တော် အောက်တိုဘာ ၁၈**

အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးကျေးရွာအုပ်စုရှိ တောင်ပေါ်ရွာ၊ ၁၆ကုန်းရွာ၊ ၁၃ ကုန်းရွာ၊ လိုခါးလိုရွာနှင့် ဇီးပင်ကွေ့ကျေးရွာတို့၌ မြေပြိုမှုဖြစ်ပွားခဲ့ရာ အိမ်ခြေ ၆၀၊ အိမ်ထောင်စု ၉၈ စုမှ လူဦးရေစုစုပေါင်း ၇၂၉ ဦးဘေးဒုက္ခခံစားခဲ့ရပြီး လူ ၁၇ ဦး သေဆုံး၍ ခုနစ်ဦးပျောက်ဆုံးလျက်ရှိသည်။

အောက်တိုဘာ ၁၂ ရက်တွင် အဆိုပါဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ကယားပြည်နယ် ဦးစီးမှူးရုံးမှ တန်ဖိုးငွေကျပ် ၂၂၀၆၆၀၀ ရှိ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုး၊ အိမ်ထောင်စု ၁၀၀ အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ ၆၁၉၅၀၀၊ သေဆုံး/ပျောက်ဆုံးသူများအတွက် ထောက်ပံ့ငွေ ၂၂၀၀၀၀၀ စုစုပေါင်း (ပစ္စည်းနှင့်ငွေ) တန်ဖိုးငွေကျပ် ၅၀၂၆၁၀၀ ကို ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဆင့်ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ထပ်မံ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အဆိုပါထောက်ပံ့မှုများအပြင် ဆန်အိတ် ၅၀၀၊ ဆန် ငါးပြည်ဝင်အိတ် ၂၀၀၊ အဝတ်ဟောင်း ၂၂၀ ကီလို နှစ်ထုပ်၊ စားသောက်ကုန် ရှစ်ထုပ်၊ ခေါက်ဆွဲခြောက် ၁၀၀၊ ကာတွန်းနှင့် Family Kits အထုပ်၃၂၀ တို့ကို အောက်တိုဘာ ၁၄ ရက်တွင် ရန်ကုန်မြို့မှ ကယားပြည်နယ်သို့ (၁၂)ဘီးယာဉ် နှစ်စီးဖြင့် ပို့ဆောင်ပေးခဲ့ရာ အောက်တိုဘာ ၁၆ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့သို့ရောက်ရှိခဲ့ပြီး ကယားပြည်နယ်အစိုးရအဖွဲ့ထံသို့ ထောက်ပံ့ရေးပစ္စည်းများ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါထောက်ပံ့ရေးပစ္စည်းများကို ကယားပြည်နယ် အစိုးရအဖွဲ့မှတစ်ဆင့် ဘေးသင့်ပြည်သူများ၏ လက်ဝယ်အရောက် ထောက်ပံ့နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

***ရှေ့ဖုံးမှ**

မွေးနေ့ကိတ်ပုံစံဖော်ထားသောသစ်သီး အတူစားခြင်းများ ပြုလုပ်ခဲ့ပြီး ပရိသတ်များကို မိုမိုက ပုသိမ်ထီးအက အပါအဝင် ဆင်အကများဖြင့် ဖျော်ဖြေခဲ့သည်။

ဆင်မကြီးမိုမိုသည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ ကပြဖျော်ဖြေပွဲများသာမက တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ဗုဒ္ဓစွယ်တော် ပင့်ဆောင်ပူဇော်ပွဲတွင်လည်း ပါဝင်ခဲ့ဖူးကြောင်း သိရသည်။

နှစ်ပေါင်း ၆၀ ကျော်အထိ ဖျော်ဖြေရေးတာဝန်ထမ်းဆောင်နေဆဲ ဆင်မကြီးမိုမို၏ ယခုလက်ရှိ ဆင်ထိန်းကြီး ဦးမောင်မောင်ကို မြန်မာ့သတင်းစဉ်(ပြည်တွင်း)က တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ ဦးလေးအနေနဲ့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို စတင်ရောက်ရှိခဲ့ပုံလေးနဲ့ မိုမိုကြီးကို ထိန်းဖြစ်ပုံလေး သိချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော့်အဖေက အရင်တုန်းက ဆင်ဖမ်းတဲ့ဆင်ဆရာ။ နောက်တော့ ကျွန်တော်တို့ ရန်ကုန် တိရစ္ဆာန်ဥယျာဉ်ကို ပြောင်းလာကြတယ်။ ကျွန်တော်တို့ တိရစ္ဆာန်ရုံကို ပြောင်းလာတဲ့ အခါမှာ မိုမိုက ရောက်နှင့်နေပြီ။ ကျွန်တော့်အဖေက မိုမိုကို ကျန်းမာရေးစောင့်ရှောက်ပေးတယ်။ နောက် ဖျော်ဖြေရေး ဆင်တွေတတ်အပ်တဲ့ ဆပ်ကပ်အပါအဝင် ဆင်ပညာတွေ ဆက်သင်ပေးတယ်။ ကျွန်တော့်အဖေရဲ့ရှေ့က ဆင်ဆရာတွေကလည်း မိုမိုကို ပညာတွေ သင်ပေးခဲ့ပါတယ်။ **"မမပုသိမ်သူ"** လမ်းလျှောက်တဲ့ပုံစံနဲ့ ဆင်အကတွေ၊ ပန်းစည်း ကမ်းနည်းတွေကိုတော့ ကျွန်တော့် လက်ထက်မှာ သင်ပေးခဲ့ပါတယ်။

**မေး။ ။မိုမိုကြီးကို ဦးလေးထိန်းလာတာ နှစ်ပေါင်းဘယ်လောက်ရှိပြီလဲ။ နောက် သူ့မွေးနေ့ကို လုပ်ဖြစ်တာလေးနဲ့ သူ့မွေးနေ့မှာ ဘယ်လိုစီစဉ်ပေးခဲ့တယ်ဆိုတာပြောပေးပါလား။**

ဖြေ။ ။ ကျွန်တော် မိုမိုကို ထိန်းခဲ့တာတော့ ၂၅နှစ်ရှိပြီ။ အရင်ကတော့ သူ့မွေးနေ့ မလုပ်ပေးပါဘူး။ သူ့အသက် (၆၀) ပြည့်ကတည်းက မွေးနေ့ လုပ်ပေးလာတာ ဒီနှစ်နဲ့ဆို သုံးကြိမ်ရှိပါပြီ။ မိုမိုက ဆင်တွေအားလုံးထဲမှာ အသက်အကြီးဆုံးပဲ။ သူနဲ့ တွဲခဲ့တဲ့ အဖော်ဆင်တွေကတော့ မရှိကြတော့ဘူး။ ဒီနေ့ မွေးနေ့မှာ မိုမိုကို တစ်စည်းကို ၁၀ ချောင်းပါတဲ့ ကြံအစည်း ၁၀၀ ကျော်သုံးပြီး မြက်အစည်း ၂၀၀ လောက်နဲ့ ငှက်ပျောသီးအဖီး ၁၀၀ ကျော် ပါတဲ့ အဆင့်လေးဆင့်ပါမွေးနေ့ကိတ်ပုံစံမျိုး ပုံဖော်ပေးတယ်။ ပြီးတော့ ဖရဲသီးတွေ၊ ပန်းသီးတွေ၊ ပြောင်းဖူးတွေနဲ့ အလှဆင်ထည့်ပေးတာ။ သူ့အသက်စေ့ စာကလေး ၆၂ ကောင်ကိုလည်း သူကိုယ်တိုင် လွှတ်ခိုင်းပါတယ်။

ဒီနေ့က တနင်္ဂနွေနေ့လည်းဖြစ် မိုမိုမွေးနေ့လည်းရှိတော့ လူတွေ အများကြီး လာကြတယ်။ ကလေးတွေကတော့ မိုမိုကြီးကို အတော်ချစ်ကြတယ်။ အရင်နှစ်တွေနဲ့ မတူတာက ပထမဆုံးသူ့မွေးနေ့ လုပ်ပေးတုန်းက ကိတ်ပုံစံ ကြံတွေကို နှစ်ထပ်ပဲလုပ်တယ်။နောက် ဒုတိယအကြိမ်မွေးနေ့မှာ ကြံတွေကို သုံးထပ်ပုံဖော်ပေးတယ်။ ဒီနှစ်တတိယအကြိမ်မှာတော့ မွေးနေ့ကိတ်ပုံစံကြံတွေကို အထပ်လေးထပ် ပုံဖော်ပေးခဲ့ပါတယ်။

**မေး။ ။ ဆင်တွေကို ထိန်းကျောင်းတဲ့နေရာမှာ ဘယ်လိုအခက်အခဲရှိလဲ။ ဒီဥယျာဉ်ထဲမှာ ဆင်ဘယ်လောက်ကို ဦးလေးတို့ ထိန်းကျောင်းပေးနေတယ်ဆိုတာလေး ဖြေပေးပါလား။**

ဖြေ။ ။ ကျွန်တော် ချာတိတ်ဘဝကတည်းက ဆင်တွေနဲ့အတူ နေလာခဲ့တာ။ ၁၉၈၃ ခုနှစ်မှာ ကျွန်တော် ရန်ကုန် တိရစ္ဆာန်ဥယျာဉ်မှာ အလုပ်စဝင်တယ်။ ၁၉၈၅ ခုနှစ်မှာ ကျွန်တော် တိရစ္ဆာန်ထိန်းအဖွဲ့ကို ရောက်တယ်။ ကျွန်တော် ၁၉၈၉ ခုနှစ်မှာတော့ ဆင်ရုံကို ရောက်ပြီး မိုမိုကို ထိန်းခဲ့တာ ဒီနေ့ထိပါပဲ။ မိုမိုက သူ့ဆင်ထိန်းကိုဆိုဘာမှ မလုပ်ဘူး။ ရန်မလိုဘူး။ ဆင်တွေမှာက သူ့အထာတွေ ရှိတယ်။ ကိုင်တွယ်တဲ့နေရာမှာ နည်းနည်းလေးမှားလို့ မရဘူး။ ဆင်မတွေက ထိန်းရလွယ်တယ်။ မိုမိုက ဆင်မဆိုတော့ ထိန်းသိမ်းရတာ ကောင်းတယ်။ စိတ်မဆိုးဘူး။ သူက ဒီကို ငယ်ငယ်ကတည်းက ရောက်နေတာဆိုတော့ သင်ကြားရတာ လွယ်တယ်။




မိုမိုအား ဆင်ထိန်းကြီး ဦးမောင်မောင်နှင့်အတူ တွေ့ရစဉ်။

လက်ရှိ တိရစ္ဆာန်ဥယျာဉ်မှာ ဆင်က ကိုးကောင်ရှိတယ်။ ဆင်ထီး သုံးကောင်ရှိတယ်။ နှစ်ကောင်က ဆင်ငယ်လေးတွေ၊ အသက် (၁၆) နှစ်ကျော်အရွယ် စွယ်စုံဆင်တစ်ကောင် ရှိတယ်။ နာမည်က ဝင်းသန်းထွန်းပါ။ ဒီမှာရှိတဲ့ ဆင်တွေက မျိုးမျိုး၊ မိုသော်ပြည့်၊ မချောလေး၊ မေသဲဖြူ၊ ဇာမဏီမောင်နဲ့ ရေအေးထွန်းပါ။ ဆင်မလေး မေသဲဖြူက အကုန်တတ်တယ်။ ပိုက်ဆံပေးတတ်တယ်။ ဘောလုံးကောက်တယ်။ ဘောလုံးတွေလည်း ဖောက်ပြတတ်တယ်။ မိုမိုကိုက တစ်ကွက် နှစ်ကွက်ပဲ သင်ကြားပေးပေမယ့် ဒီမှာရှိနေတဲ့ ကျန်ဆင်တွေကတော့ ဖျော်ဖြေရေးပညာတွေကို ကျွန်တော်တို့ပဲ သင်ခဲ့တာပါ။

**မေး။ ။မိုမိုကြီးမှာ ဘယ်လို ထူးခြားတဲ့အချက်တွေရှိလဲဆိုတာနဲ့ ဆင်တွေကို ဘယ်လို ထိန်းသိမ်းစောင့်ရှောက်တယ်ဆိုတာလေး ပြောပြပေးပါဦး။**

ဖြေ။ ။ သူ့ရှေ့ကို ကျွန်တော်ရောက်သွားလို့ မိုမိုရေဆိုသူက ထူးတယ်။ ခေါင်းညိတ်ပြတယ်။ ညဘက်တွေ အသံမပေးဖြစ်ဘဲ သူ့နားသွားရင် သူက လှမ်းခေါ်တတ်တယ်။ "ရှင်. . ကျဉ်" ဆိုပြီးတော့ပါ။ ဒါဆိုအစာတို့ဘာတို့ သူတစ်ခုခုလိုနေပြီ။ မိုမိုက စိတ်ဆိုးခဲတယ်။ သူ ပေကပ်ကပ်လုပ်ရင်တောင် နင်နော်ဆိုပြီး ကျွန်တော် အသံနဲ့ မာန်လိုက်ရင်၊ တုတ်ပြပြီး ဆူလိုက်ရင် နှာမောင်းနဲ့ "ဖုန်း. . ဖုန်း" ဆိုပြီး သမံတလင်းကိုရိုက်ပြတတ်တယ်။

ဆင်ကလေးတွေ ဒီကို စရောက်လာရင် ဥယျာဉ်ထဲမှာ ကျွေးတဲ့အစာနဲ့ သူတို့ဒေသတောထဲမှာ စားခဲ့တဲ့ အစာတွေကို မျှတအောင် အရင်စီစဉ်ပေးရတယ်။ နောက်မှ တဖြည်းဖြည်း ဥယျာဉ်ထဲကအစာကို စားတတ်လာအောင် အလေ့အကျင့်လုပ်ပေးရတယ်။ကျန်းမာရေးလည်း ဂရုစိုက်ရတယ်။ ဆင်ကိုးကောင်လုံးရဲ့ ကျန်းမာရေးကို မနက်တိုင်း စစ်ဆေးပြီး ဆင်တွေနဲ့အတူ လမ်းလျှောက်ပေးတယ်။ ဆင်တွေကို သူ့အတွဲနဲ့သူ ရေချပေးတယ်။ သူတို့ကိုယ်တွေ ညစ်ညစ်ပတ်ပတ်ဖြစ်နေရင်တော့ ကော်ဘရတ်နဲ့တိုက်ပေးပြီး ရေထပ်ချိုးပေးတယ်။ လက်သည်းတွေ ညစ်ပတ်နေရင်လည်း ခေါ်ပြီးလက်သည်းတွေ တိုက်ချွတ်ပေးရတယ်။ ခြေသည်းတွေ စူးတယ်၊ ရှည်လာတယ်ဆိုရင်တော့ ဓားနဲ့ လှီးပေးရတယ်။

ဒီနေ့ မိုမိုကြီး မွေးနေ့မှာ ကျွေးခဲ့တဲ့ ဖရဲသီးတွေ၊ ပန်းသီးတွေလိုမျိုးဆိုရင် အလွန်အကျွံကျွေးလို့ မရဘူး။ ဒီအစာတွေကို အဝကျွေးမိရင် သူတို့အတွက် ဘေးဥပဒ်ရှိတယ်။

"ကျွန်တော်ပြောချင်တာကတော့ တိရစ္ဆာန်လေးတွေကို ချစ်ပါ။ ကျွေးပါ။ မစပါနဲ့" ဆိုတာပါပဲ။ ။





ဆင်မကြီးမိုမို၏ (၆၂)နှစ်မြောက် မွေးနေ့ပွဲတွင် ပရိသတ်များကို ဖျော်ဖြေနေစဉ်။

ပြည်တွင်းရေးရာ

# ခိုင်လုံမဲနမူနာများနှင့် ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ဆန္ဒမဲလက်မှတ်များကို အမှန်အမှတ်အသား(✔) တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရာတွင်**
**ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း**

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်

မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲလက်မှတ်များကို ဆန္ဒပြုရာတွင် အမှန်အမှတ်အသား (✔) တံဆိပ်တုံးဖြင့်ရိုက်နှိပ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာများနှင့် ပယ်မဲနမူနာများအား ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ခိုင်လုံမဲနမူနာများ










## ပယ်မဲနမူနာများ



- မည်သူ့အား ဆန္ဒပြုသည်ကို ဆုံးဖြတ်ရခက်သောမဲ



- မည်သူ့အား ဆန္ဒပြုသည်ကို ဆုံးဖြတ်ရခက်သောမဲ



- ဆန္ဒပြုရမည့် အကွက်ပြင်ပတွင် ဆန္ဒပြုထားသောမဲ



- တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသောမဲ (တံဆိပ်တုံးကို တစ်ကြိမ်ထက်ပို၍ နှိပ်ထားသောမဲ)



- တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသောမဲ (တံဆိပ်တုံးကို တစ်ကြိမ်ထက်ပို၍ နှိပ်ထားသောမဲ)

စာမျက်နှာ ၁၀ သို့ ❐

# ဘေးအန္တရာယ်ဖြစ်စေတတ်သော တရားမဝင် အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းများ မီးရှို့ဖျက်ဆီး

**နောင်ချို အောက်တိုဘာ ၁၈ ။** ။ နောင်ချိုမြို့အဝင်တွင် ယာယီအခြေပြုလျက် ဌာနစုံပူးပေါင်းစစ်ဆေးရေးအဖွဲ့ Mobile Team လရ (၁) ညွှန်ကြားရေးမှူး ဦးအောင်သူရ ဦးစီးသောအဖွဲ့သည် မန္တလေး-မူဆယ်ကားလမ်းတစ်လျှောက် သွင်းကုန်/ထုတ်ကုန်များ စနစ်တကျစစ်ဆေးရာတွင် မူဆယ်မှ မန္တလေးဘက်သို့ မောင်းနှင်လာသော ယာဉ်များကိုစစ်ဆေးရာ တစ်ဖက်နိုင်ငံမှထုတ်လုပ်သည့် တရုတ်ပဲမှုန့်၊ ပဲထုပ်အချိုရည်ဘူး၊ နို့မှုန့်စသည့် စားသောက်ကုန်ပစ္စည်းများမှာ ကျန်းမာရေးနှင့် ညီညွတ်ခြင်းမရှိသောကြောင့် ယနေ့ နံနက် ၁၀ နာရီတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

❒ စာမျက်နှာ ၉ မှ

## ပယ်မဲနမူနာများ



- လုံးဝ ဆန္ဒပြုမထားသော မဲ



- အစွန်းအထင်းပါသော မဲ



- အမှတ်အသားပြထားသော မဲ



- မဲရုံမှူးလက်မှတ် မပါသော မဲ



- စုတ်ပြဲနေသော မဲ

ကြိုတင်ဆန္ဒမဲလက်မှတ် ခိုင်လုံမဲနမူနာများနှင့် ပယ်မဲနမူနာများကို ဆက်လက်ဖော်ပြပါမည်။



## တနင်္သာရီ၌ အထူးရဲတပ်ဖွဲ့ဝင်များအား တူညီဝတ်စုံပေးအပ်

**တနင်္သာရီ အောက်တိုဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ မြို့နယ်မီးသတ်ဦးစီးဌာနရုံး အပေါ်ထပ်အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီခွဲက အထွေထွေရွေးကောက်ပွဲကာလ မဲရုံများတွင် လုံခြုံရေးတာဝန်ထမ်းဆောင်ကြမည့် အထူးရဲတပ်ဖွဲ့ဝင်များအား တူညီဝတ်စုံပေးအပ်ပွဲ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်လုံခြုံရေးနှင့်စီမံခန့်ခွဲမှုကော်မတီဝင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက မိမိတာဝန်ကျရာမဲရုံ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စား အထူးရဲတာဝန်ထမ်းဆောင်ရာတွင် ဝတ်စုံရှိမှသာလျှင် ပြည်သူအများက အားကိုးယုံကြည်လေးစားမည်ဖြစ်သဖြင့် တူညီဝတ်စုံထုတ်ပေးရခြင်းဖြစ်ကြောင်းနှင့် အထူးရဲခန့်ထားခြင်း လုပ်ငန်းတာဝန်အား ရှင်းလင်းအမှာစကား ပြောကြားသည်။

"ကျွန်တော်တို့မြို့နယ်ရဲတပ်ဖွဲ့မှာ အင်အားမလုံလောက်တော့ အထူးရဲတွေကိုခန့်ထားရတယ်။ အဓိကကတော့ ရွေးကောက်ပွဲမဲရုံလုံခြုံရေးအတွက်ပါ။ သူတို့ကို အောက်တိုဘာ ၂၀ ရက် မှာ စခန်းသွင်းသင်တန်းပေးဖို့ စီစဉ်ထားပါတယ်"ဟု ဒုတိယရဲမှူး မြင့်လွင်က ပြောကြားခဲ့သည်။

ထို့နောက် တနင်္သာရီမြို့နယ်အတွင်း မဲရုံ(၈၈)ရုံတွင် တာဝန်ထမ်းဆောင်ကြမည့် အထူးရဲတပ်ဖွဲ့ဝင် ၈၈ ဦးတို့အား မြို့နယ်လုံခြုံရေးနှင့် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်လွင်၊ ကော်မတီဝင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအင်ကိုတို့က အထူးရဲတူညီဝတ်စုံတစ်စုံစီ ပေးအပ်ကြသည်။

အထူးရဲဝတ်စုံ စနစ်တကျဝတ်ဆင်တတ်စေရန်အတွက် မြို့မစခန်းမှူး ရဲအုပ်မောင်မောင်နှင့်တပ်ဖွဲ့ဝင်များက လက်တွေ့ဝတ်ဆင်မှု ကူညီဆောင်ရွက်ပေးကြသည်။

တူညီဝတ်စုံတွင် လျှာထိုးဦးထုပ်၊ ဘောင်းဘီ၊ အထူးရဲတံဆိပ်ပါအင်္ကျီ၊ ခါးပတ်၊ ဖိနပ်နှင့်ဖိနပ်ကြိုး၊ ခြေအိတ်၊ ကော်လံထောင့်နှင့် အထူးရဲတံဆိပ်ပါ စပို့ရှပ်အင်္ကျီ စသည်ဖြင့်တစ်မျိုးစီပါရှိကြောင်း သိရသည်။

အထူးရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးရဲထွန်းက "ကျွန်တော်ရဲလုပ်ရမှာစိတ်ဝင်စားတယ်။ နောက်ပြီး တာဝန်လည်းရှိတယ်လို့ထင်မိတယ်။ ဒါကြောင့် အထူးရဲသင်တန်းတွေတက်ပြီးရင် တာဝန်ကျတဲ့မဲရုံမှာ တာဝန်ကျေပွန်အောင်ထမ်းဆောင်သွားမှာပါ"ဟု ၎င်း၏ခံယူချက်ကို ပြောပြခဲ့သည်။

**သတင်း-နန်းသာရီ**
**ဓာတ်ပုံ-ထိန်ဝင်း(ပြန်/ဆက်)**

## ကုန်သေတ္တာမပါနောက်တွဲယာဉ် ကမ်းနားလမ်းသစ်ပေါ်မှ လမ်းဟောင်းပေါ်သို့ အရှိန်လွန်ပြုတ်ကျ၊ လမ်းဘေးထိုးရပ် ယာဉ်ငယ်ခြောက်စီး ထိခိုက်ပျက်စီး

**ရန်ကုန် အောက်တိုဘာ ၁၈**

လသာမြို့နယ် (၁၉)လမ်း ကမ်းနားထိပ် ကမ်းနားလမ်းသစ်ပေါ်တွင် အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီဝန်းကျင်ခန့်က အနောက်မှ အရှေ့သို့ မောင်းနှင်လာသော ကုန်သေတ္တာမပါ ၁၄ ဘီးနောက်တွဲယာဉ်အမှတ် ၅က/---သည် ဆန့်ကျင်ဘက်ယာဉ်ကြောကို ကျော်လွန်၍ သုံးပေဝန်းကျင်ရှိ အနိမ့်ပိုင်းကမ်းနားလမ်းဟောင်းပေါ်သို့ အရှိန်လွန်ပြုတ်ကျခဲ့သည်။**(အောက်ပုံ)**

ကမ်းနားလမ်းဟောင်း၏ အဆိုပါနေရာဝန်းကျင် ယာဉ်ရပ်နားရန်နေရာတွင်ရပ်ထားသော ယာဉ်တန်းများအနက် အိမ်စီးယာဉ် ခြောက်စီးထိခိုက်ပျက်စီးခဲ့သည်။ စူပါကာစတန်ယာဉ်အမျိုးအစားယာဉ်အမှတ် 8I/---အဖြူရောင်ယာဉ်သည် လမ်းပေါ်သို့လဲကျပြီး အဆိုပါနောက်တွဲယာဉ်ဖြင့် ဖိမိထား၍ ယာဉ်တစ်စီးလုံးပျက်စီးသွားခဲ့သည်။ ခဲသားရောင် ဟွန်ဒါဖစ်ယာဉ်အမှတ် 6E/----မှာလည်း ကားရပ်ထားသည့်အတိုင်း အဆိုပါကုန်ကားဖြင့် ဖိထားခြင်းခံရ၍ ပျက်စီးမှုများပြားခဲ့သည်။

အနောက်ဘက်ခြမ်းရှိ ဟွန်ဒါဖစ် 5G/----နှင့် အရှေ့ဘက်ခြမ်းရှိ စူဇူကီး ယာဉ်အမှတ် 6E/---နှင့် 9I/---တို့မှာမူ ပျက်စီးမှုနည်းသည်။ အဆိုပါနောက်တွဲယာဉ်အောက်သို့ ကျရောက်နေသော ယာဉ်နှစ်စီးအပြင် ဟိုင်းလတ်အပြာရောင် ယာဉ်အမှတ် 2A/---မှာလည်း ယာဉ်ရှေ့ပိုင်း ပျက်စီးမှုရှိသည်ကို တွေ့ရသည်ဟု အဆိုပါဖြစ်စဉ်ကို သွားရောက်ကြည့်ရှုခဲ့သည့် ဦးစိန်ဝါးက ပြောသည်။

လောလောဆယ်တွင် ကုန်ကားယာဉ်လုပ်သားများ မတွေ့ရှိရသေးဘဲ စုံစမ်းဆဲဖြစ်သည်။ သက်ဆိုင်ရာမှ လာရောက်၍ စစ်ဆေးဆောင်ရွက်ခြင်း၊ ယာဉ်ဖယ်ရှားရှင်းလင်းခြင်းများ လုပ်ဆောင်နေရာ ကမ်းနားလမ်းမဟောင်း၏ အနောက်မှ အရှေ့သွားယာဉ်ကြောတွင် ယာဉ်ပိတ်ဆို့မှုများ ကြုံတွေ့ရသည်။

ကမ်းနားလမ်းသစ်ပေါ်တွင် တစ်နာရီမိုင်နှုန်းကန့်သတ်ချက် မိုင် ၂၀ လမ်းညွှန်စိုက်ထူထားသည့်နေရာတွင် ဖြစ်ပွားပြီး လူကူးမျဉ်းကျားရှိသည် ဆိုသော အသိပေးဆိုင်းဘုတ်မှာလည်း ယာဉ်တိုက်မှုကြောင့် အောက်သို့ ပြုတ်ကျနေသည်ကို တွေ့ရသည်။

ကမ်းနား လမ်းမသစ်ပေါ်တွင် မိုင်နှုန်းသတ်မှတ်ချက် အသိပေးဆိုင်းဘုတ်များ စိုက်ထူထားသော်လည်း လိုက်နာမှုအားနည်းသဖြင့် မကြာခဏ အရှိန်လွန်၍ လမ်းဟောင်းပေါ်သို့ ပြုတ်ကျမှုဖြစ်တတ်ရာ လသာမြို့နယ်ဘက်ခြမ်းတွင် ပထမဦးဆုံးဖြစ်သည်။ လမ်းမတော်နှင့် အလုံမြို့နယ်ဘက်ခြမ်းတို့တွင် နေ့ဘက်၊ ညဘက်တို့တွင် အရှိန်လွန်၍ အဆိုပါကုန်သေတ္တာတင်ယာဉ်ကြီးများ ပြုတ်ကျမှု မကြာခဏဖြစ်ပွားရာ လမ်းဘေးရပ်ယာဉ်ငယ် အများအပြား ပျက်စီးမှုကြုံတွေ့ရသည်ဟု လမ်းမတော်မြို့နယ်တွင် နေထိုင်သော ယာဉ်ပိုင်ရှင် ဦးစိုးလင်းက ဆိုသည်။

မကြာမီ အဆိုပါလမ်းပိုင်းတွင် လျှပ်စစ်ရထား ပြေးဆွဲတော့မည်ဖြစ်ရာ ကမ်းနားလမ်းသစ်ပေါ် စည်းကမ်းမဲ့ မောင်းနှင်မှုများအပေါ် မော်တော်ယာဉ် ဥပဒေသစ်အရ အရေးယူစစ်ဆေးသင့်သည်ဟု အဆိုပါ ကမ်းနားလမ်းဘေးရပ် ယာဉ်ငယ်ပိုင်ရှင်များက ပြောသည်။

**(မောင်စေအောင်)**




### ကွက်ကျားမိုး

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## ပြည်တွင်းရေးရာ

# ကသာမြို့တွင် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ဆုချီးမြှင့်



**ကသာ အောက်တိုဘာ ၁၈**

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို တိုင်းဒေသကြီး သို့မဟုတ် ကသာခရိုင်ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ မြို့နယ်များမှ ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ လူရွေးချယ်စိစစ်ပွဲကို အောက်တိုဘာ ၁၇ ရက်က ကသာခရိုင် အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ၌ ဆုရရှိကြသော ဝါသနာရှင်အဆင့် သီချင်းဆိုပြိုင်ပွဲ၊ ခေတ်ဟောင်းတေးသီချင်းဆို ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ ရရှိသော ပြိုင်ပွဲဝင်များအား ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌက ဆုများချီးမြှင့်ပေးခဲ့ပြီး အကပြိုင်ပွဲတွင် ပထမ၊ ဒုတိယရရှိကြသော မင်းသား၊ မင်းသမီးများကို ခရိုင်အဆင့် ဌာနဆိုင်ရာများက ဂုဏ်ပြုဆုများပေးအပ်ခဲ့သည်။

ပြိုင်ပွဲတွင် ဆုရရှိသော ပြိုင်ပွဲဝင်များမှာ ၂၀၁၅ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီး(မုံရွာ)သို့ သွားရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

**ရဲကို(ကသာ)**

# ပုလောမြို့နယ် နံရံကပ်စာပေရေချမ်းစင်များတွင် စာအုပ်စာစဉ်များ အသစ်ဖြည့်တင်း

**ပုလော အောက်တိုဘာ ၁၈**

မြိတ်ခရိုင် ပုလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေသခံပြည်သူများ စာပေကို လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်ရန် ချိတ်ဆွဲထားရှိသည့် နံရံကပ်စာပေရေချမ်းစင်(Mini Book Corner)များသို့ အောက်တိုဘာ ၁၇ ရက်တွင် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အသစ်ရောက်ရှိလာသော စာစဉ်အတွဲ(၃) အမှတ်(၈)ကို ပြည်သူများ လေ့လာဖတ်ရှုနိုင်ရန် ဖြည့်တင်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ နံရံကပ်စာပေရေချမ်းစင်(Mini Book Corner)ကို မြို့တွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၊ မြို့နယ်စည်ပင်သာယာရေး၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် ကျေးရွာများတွင် တောင်ယာကမ်းကျေးရွာ၊ နန်းတောင်ကျေးရွာ၊ မကျည်းကုန်းကျေးရွာ၊ မင်းထိန်ကျေးရွာ၊ ပလကျေးရွာ၊ တိုကျေးရွာ၊ ဇရပ်ဆိပ်ကျေးရွာ၊ မီးလောင်ချောင်းကျေးရွာများရှိ လူစည်ကားရာနေရာများဖြစ်သည့် လမ်းဆုံလမ်းခွရှိ လက်ဖက်ရည်ဆိုင်များ၌ ချိတ်ဆွဲထားရှိသည်။

အဆိုပါ အသစ်လဲလှယ်ပေးသည့် စာစဉ်များတွင် ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် အနုပညာ၊ အားကစား၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အတ္ထုပ္ပတ္တိ၊ ပြည်သူ့နီတိ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးစသည့် ဘာသာရပ်အလိုက် စာစဉ်များပါဝင်ကြောင်း သိရသည်။

**ပုလော(ပြန်/ဆက်)**

# အစားအသောက်လုံခြုံစိတ်ချမှုဆိုင်ရာလုပ်ငန်းအဖွဲ့ ညှိနှိုင်းဆွေးနွေး ဈေးကွက်ရှိ သောက်ရေသန့်နှင့် စားသုံးဆီများဓာတ်ခွဲစစ်ဆေးမည်

**မန္တလေး အောက်တိုဘာ ၁၈**

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန အစားအသောက် လုံခြုံစိတ်ချမှုဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးကို အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီက မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိန်သောင်းက အဖွင့်အမှာစကား ပြောကြားပြီး အစားအသောက်လုံခြုံမှုဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်း အဝေးကျင်းပရခြင်း ရည်ရွယ်ချက်ကို လည်းကောင်း၊ တစ်ဖက်နိုင်ငံမှ ဝင်ရောက်လာသော စားသောက်ကုန်များ၊ ဈေးများတွင် ရောင်းချနေသော စားသောက်ကုန်များ နမူနာကောက်ယူပြီး ဓာတ်ခွဲစစ်ဆေးကာ ကျန်းမာရေးနှင့်မညီသော ဆိုးဆေးနှင့် ဓာတုပစ္စည်း သုံးစွဲမှုတွေ့ရှိပါက သတင်းစာတွင် ထည့်သွင်းကြေညာပြီး ဈေးကွက်အတွင်း ရောင်းချမှုမရှိစေရေး စည်ပင်သာယာရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဈေးကွက်အတွင်း ရောနှောဆီများရောင်းချမှုမရှိစေရေး ဆောင်ရွက်သင့်သည်များကို လည်းကောင်း၊ တစ်ဖက်နိုင်ငံမှဝင်လာသော ကလေးစားစရာမုန့်များအား စစ်ဆေးဆောင်ရွက်သင့်သည်များနှင့် ဆေးကုန်သည်များအသင်းမှ နယ်စပ်မှ ဝင်ရောက်လာသော ဆေးဝါးများအား စစ်ဆေးအရေးယူသင့်သည်များကို အသီးသီး အကြံပြုတင်ပြကြသည်။

နိုဝင်ဘာလမှစတင်ကာ ဈေးကွက်တွင်းရှိ ရေသန့်များနှင့် စားသုံးဆီများအား ဓာတ်ခွဲစစ်ဆေးခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများအား စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# လူကုန်ကူးမှုအသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန် အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများသည် အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက လူစည်ကားရာ နေရာဖြစ်သော ပန်းဆိုးတန်း-ဒလ သင်္ဘောဆိပ်ကမ်းသို့သွားရောက်၍ လူကုန်ကူးမှု အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူကုန်ကူးခံရသူများတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များ အများဆုံးဖြစ်သည့်အတွက် အလေးထားဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်စဉ်များ၊ လူကုန်ကူးမှုဖြစ်ပွားသည့် အကြောင်းရင်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မိတ်ဖက်အဖွဲ့အစည်းများ၊ လူကုန်ကူးမှု သတင်းပေးရန် အရေးပေါ်ခေါ်ဆိုမှု ဖုန်းနံပါတ်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့များ၏ ဆက်သွယ်ရန်ဖုန်းနံပါတ်များ၊ လိပ်စာတို့ကို ကြိုတင်သိရှိမှတ်သားနိုင်ရန် လူကုန်ကူးမှုပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေးဟောပြောခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်မြင့် (ပြန်/ဆက်)**

# ပုလောတွင် မိုးပွင့်အထူးစီမံချက်အပိုင်း(၂) ကွင်းဆင်းဆောင်ရွက်

**ပုလော အောက်တိုဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ကဒဲကျေးရွာအုပ်စုအတွင်းရှိ ကဒဲကျေးရွာနှင့် ပဝတ်ကုန်းကျေးရွာများရှိ အခြေခံပညာအလယ်တန်းကျောင်းများတွင် မိုးပွင့်အထူးစီမံချက် အပိုင်း(၂)ကို အောက်တိုဘာ ၁၇ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ပုလောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများနှင့် အခြေခံပညာအထက်တန်းကျောင်းများနှင့်အလယ်တန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများ မှတ်ပုံတင်ကိုင်ဆောင်နိုင်ရေးအတွက် မိုးပွင့်အထူးစီမံချက် အပိုင်း(၂)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ရာ ကဒဲကျေးရွာတွင် ၁၀၇ ဦးနှင့် ပဝတ်ကုန်းကျေးရွာတွင် ၁၃၄ ဦး စုစုပေါင်း ၂၄၁ ဦး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၉၇ ဦး ပါဝင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပဲခူးရိုးမထွက် ပျားရည်များအား ဆေးဖက်ဝင်အဖြစ် ဝယ်ယူသုံးစွဲသူများပြားလာ

**ရေတာရှည် အောက်တိုဘာ ၁၈**

ပဲခူးရိုးမ တောအတွင်းမှရရှိသည့် ပျားရည်များကို ကလေးသူငယ်များ ချောင်းဆိုး၊ ရင်ကျပ်နှင့် အားအင်ကုန်ခန်းသည့် သက်ကြီးရွယ်အိုများအတွက် ဆေးဖက်ဝင်၍ ဝယ်ယူသုံးစွဲသူများပြားလျက်ရှိကြောင်း သိရသည်။

ရိုးမတောအတွင်း၌ရှိသည့် ပျားကြီး၊ ယင်ပျားနှင့်မျက်မွေးလိမ်ပျားအုံများအား မိုးရာသီအလွန် ပွင့်လင်းရာသီတွင် စတင်ကာ ဖွပ်ကြကြောင်း အဆိုပါပဲခူးရိုးမတောတွင်းနေ ဒေသခံတစ်ဦးကပြောသည်။ “ပျားဖွပ်တဲ့ ရာသီရောက်ပြီလေ။ မိုးရာသီတုန်းကတော့ ဖွပ်လို့မရဘူး။ ဒါတောင် ယင်ပျားနဲ့မျက်မွေးလိမ်လောက်ပဲ ဖွပ်ရတာ။ ပျားကြီးကျတော့ အနည်းဆုံး လူသုံးယောက်ကုန်တယ်။ နှစ်ယောက်က အပင်ပေါ်တက်ပြီး တစ်ယောက်ကမီးမြှိုက်၊ တစ်ယောက်ကပျားလပို့ လှီးရတယ်။ အောက်ခံတစ်ယောက်က ပျားလပို့ခံလုပ်ရတာ။ ပျားကြီးတုပ်ခံရရင် မသက်သာဘူး။ တစ်ခါတလေ နှစ်ရက်လောက်ကို ဖျားတာ” ဟု ၎င်းကပင် ဆက်ပြောသည်။

အုတ်တွင်းမြို့နယ် ကျွဲပွဲဒေသ အနောက်ရိုးမတောတွင်းဖြစ်သည့် ဆယ်ပေတဲစုနေသူ အများစုမှာ တောတွင်းပျားဖွပ်ခြင်းအလုပ်ကို အဓိကလုပ်ကိုင်ကာ ရရှိသောပျားရည်များအား လေးဆယ်သားဝင် ပုလင်းတစ်လုံးလျှင် ငွေကျပ်၂၀၀၀၊ ၂၅၀၀ ဖြင့် လှည့်လည်ရောင်းချရသည်။ အချို့သော ပျားကြီးအုံများမှာ လှည်းဘီးအရွယ်အထိ ကြီးမားပြီး ပျားကြီးအုံကိုဖွပ်သည့်အခါ လေးထောင့်သံပုံး လေးပုံးနှင့်အထက်ရရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



အောက်တိုဘာ ၁၇ ရက်က ကလေး-ပြင်သာလမ်း RD-0+800 ပေတွင် ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ **(ဂျိုးနက်)**



# သတ်မှတ်ရက်ထက်စောပြီး ရုံတင်မယ့် Kung Fu Panda 3

တစ်ကမ္ဘာလုံးက ကာတွန်းကားချစ်သူတွေ နှစ်သက်ခဲ့သည့် Kung Fu Panda ဇာတ်ကား၏ နောက်ဆက်တွဲဖြစ်တဲ့ Kung Fu Panda 3 ဇာတ်ကားကို ယခင်က ၂၀၁၆ နှစ်လယ်လောက်မှ ပြသဖို့ စီစဉ်ခဲ့ပေမယ့် ယခုအခါ လာမည့် ခရစ္စမတ်ကာလအမီပြသသွားမည်ဖြစ်ကြောင်း ဒန်နေ့ဂီဒေ့ါကွန်းက အတည်ပြုချက်ပေးခဲ့သည်။ ခေါက်ဆွဲဆိုင်မှ ပန်ဒါလေးပို၏ နဂါးစစ်သည်ဖြစ်လာရပုံ၊ ကိုယ်ကျိုးစွန့်အနစ်နာခံကာ တိုင်းပြည်အားကာကွယ်မှုပေးပုံတွေကို ဇာတ်လမ်းဆင်ရိုက်ကူးထားတာကြောင့် ကလေးပရိသတ်အပြင် လူကြီးပရိသတ်အင်အားပါရရှိခဲ့သော ကာတွန်းဇာတ်ကားလည်းဖြစ်သည်။

အရုပ်လှုပ်ရှားမှုပီပြင်သလို၊ ရှုခင်းရှုကွက်မှာလည်း အသက်ဝင်လွန်းသဖြင့် Kung Fu Panda ဇာတ်ကားမှာ ခေတ်သစ်ကာတွန်းဇာတ်ကားထုတ်လုပ်သူများ၏ စံနမူနာထားရာ ဇာတ်ကားလည်းဖြစ်သည်။ သို့သော် ယခု Kung Fu Panda 3 မှာ အရင်ပြသခဲ့သော Kung Fu Panda ဇာတ်ကားနှစ်ကားနှင့် ဇာတ်လမ်းဇာတ်ကွက် ကွဲပြားမည်ဖြစ်ပြီး စွန့်စားခန်းနည်းပါးကာ ပန်ဒါတို့၏ နေထိုင်ကျက်စားရာ ဝေလ့စရိုက်ကိုသာ အသားပေးဖော်ပြထားသည့်ပုံစံဖြင့် ဇာတ်အိမ်တည်ထားခြင်းဖြစ်သည်။

ဒါရိုက်တာအဖြစ် ဂျနီဖာ ယုဇ်နယ်လ်ဆင်နှင့် အလီဆန်ဒရိုကာလိုနီတို့က ပုံဖော်ထားကြပြီး အသံသရုပ်ဆောင်များအဖြစ် ဂျက်ဘလက်ခ်၊ အန်ဂျလီနာဂျိုလီ၊ ဂျက်စတင်ဟော့မန်း၊ ဂျက်ကီချန်းစသော နာမည်ကျော်သရုပ်ဆောင်များက ပါဝင်အားဖြည့်ထားကြသည်။

Dream Works မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကမူ Kung Fu Pandaဇာတ်ကားတိုင်းတွင် ဗီလိန်တစ်ဦး အမြဲတမ်းထည့်သွင်းတတ်သလို ယခုဇာတ်ကားတွင်လည်း ဇာတ်လမ်းကို ပိုမိုအသက်ဝင်လာစေမည့် ဗီလိန်တစ်ဦး ပါဝင်မည်ဖြစ်ကြောင်း၊ ဇာတ်ကားကို သတ်မှတ်ရက်ထက်စောစီးစွာ ရုံတင်ပြသခြင်းမှာ ခရစ္စမတ်ကာလတွင်လူအများစိတ်ဝင်စားမှုကို ပိုမိုရရှိနိုင်၍ဖြစ်ကြောင်း၊ အရုပ်၊ အသံတင်ဆက်မှုများအားလုံးမှာ ပရိသတ်များ၏ အာရုံကို အမှန်တကယ် ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း အာမခံချက်ပေးထားသည်။

❑❑❑

## ဟန့်ဟု အမည်တွင်စေသတည်း

တင်းနစ်ကစားသမားဟောင်းအန်ဒီရော့ဒစ်နှင့် နာမည်ကြီးမော်ဒယ်လ်နှင့် သရုပ်ဆောင် ဘရွတ်ကလင်းဒါကာတို့နှစ်ဦးက ပြီးခဲ့သည့်စက်တင်ဘာ၃ဝရက်၌ သားဦးကလေးဖွားမြင်ခဲ့ပြီး ယခုအခါဟန့်ဟု ကင်ပွန်းတပ်ခဲ့ကြောင်း သိရသည်။ ဒါကာအနေဖြင့် ကလေးမီးဖွားချိန်တွင် သက်သောင့်သက်သာအခြေအနေမရှိခဲ့သော်လည်း မီးဖွားပြီးနောက် ပြီးပြည့်စုံသည့် ခံစားချက်ကို သူ့အနေဖြင့် ခံစားခဲ့ရကြောင်း ဒါကာက ဆိုခဲ့သည်။

ယင်းကလေးအား တက္ကဆပ်ပြည်နယ်ရှိ အော်စတင်ဆေးရုံ၌ ဖွားမြင်ခဲ့ခြင်းဖြစ်ပြီး မီးဖွားရက် နီးကပ်လာသည့်အခါ အန်ဒီရော့ဒစ်အနေဖြင့် လုပ်ငန်းကိစ္စများအားလုံးရပ်နားထားကာ ဒါကာအား အချိန်ပြည့်စောင့်ရှောက်မှုပေးခဲ့ကြောင်းလည်း ဒါကာက ရှင်းပြခဲ့သည်။

ဒါကာက သူသည် လက်ရှိတွင် အသက်(၂၈)နှစ်အရွယ်သို့ရောက်ရှိနေပြီဖြစ်ခြင်းကြောင့် မိခင်ဘဝခံယူရန် အချိန်ကျရောက်ပြီဟု ယူဆထားကြောင်း၊ မိမိမှာ လိမ္မော်ရည်မကြိုက်သော်လည်း ကလေးအတွက်လိုအပ်သည့်အာဟာရတစ်ရပ်ဟု ယူဆပြီး သောက်သုံးခဲ့ရာ လိမ္မော်ရည်ကို ကြိုက်နှစ်သက်တတ်နေပြီဖြစ်ကြောင်း ဖွင့်ဟခဲ့သည်။

သို့သော် ရော့ဒစ်နှင့် ဒါကာတို့စုံတွဲမှာ ကလေးငယ်အား ဓာတ်ပုံရိုက်ကူးခွင့်ပေးရန်ကိုမူ ငြင်းဆိုခဲ့ကြောင်းသိရသည်။



## ဒိုင်ယာနာအကြောင်း ရှားရှားပါးပါး ထည့်သွင်းပြောကြားခဲ့တဲ့ မင်းသားဝီလျံ

ဗြိတိန်တော်ဝင်မင်းသားဝီလျံဟာ အများအားဖြင့် သူ့ရဲ့မိခင်ဖြစ်သူ ဒိုင်ယာနာအကြောင်းကို ပြောဆိုလေ့မရှိပေမယ့် အောက်တိုဘာ ၁၇ ရက်က ပြုလုပ်ခဲ့တဲ့ ဆင်းရဲချို့တဲ့ကလေးများ ရန်ပုံငွေအသင်းရဲ့ (၂၁)နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားမိန့်ခွန်းပြောကြားစဉ်မှာတော့ ထည့်သွင်းပြောကြားခဲ့ပါတယ်။ သာမန်အားဖြင့် သားသမီးဖြစ်သူက ကိုယ့်မိဘရဲ့အကြောင်းကို ထည့်သွင်းပြောခဲ့တဲ့ ကိစ္စရပ်က အထူးအဆန်းမဟုတ်ပေမယ့် မင်းသားဝီလျံက ကွယ်လွန်သူ ဒိုင်ယာနာရဲ့အကြောင်းကို မိန့်ခွန်းထဲမှာ ထည့်သွင်းပြောခဲ့တဲ့ ကိစ္စရပ်ကတော့ ဗြိတိန်မီဒီယာတွေအတွက် အဆန်းတကြယ်ဖြစ်ရပ်ဖြစ်ခဲ့ပါတယ်။

"ကျွန်တော့်ရဲ့မေမေက လွန်ခဲ့တဲ့ (၂၁)နှစ်ကျော်ကာလမှာအခုလိုပဲ ဆင်းရဲချို့တဲ့ကလေးများ ရန်ပုံငွေရှာဖွေရေးအခမ်းအနားကိုတက်ရောက်ခဲ့ပါတယ်။ နောက် ၁၅ နှစ်အကြာမှာတော့ ကျွန်တော်က ဒီအခမ်းအနားကို တက်ရောက်ဖို့ ဖိတ်ကြားခံခဲ့ရပြီး ဒီအဖွဲ့အစည်းရဲ့ နာယကဖြစ်လာခဲ့ပါတယ်။ အမေက အကူအညီလိုအပ်နေတဲ့ လူတွေကို ချက်ချင်းကူညီဖို့ အမြဲစိတ်ဆန္ဒပြင်းပြနေတတ်ပြီး အဲဒီအတွက်လည်း ကျွန်တော်အလွန်အင်မတန်ဂုဏ်ယူမိပါတယ်။ ကျွန်တော် ကလေးနှစ်ယောက်ရဲ့ ဖခင်ဘဝရောက်တဲ့အချိန်မှာ အမေ့ရဲ့ မေတ္တာကို ပိုပြီးခံစားတတ်လာပါတယ်" ဟု ဝီလျံကထည့်သွင်းပြောကြားခဲ့ပါတယ်။

ဆင်းရဲချို့တဲ့ကလေးများ ရန်ပုံငွေအဖွဲ့အစည်းကို မင်းသားလေးဂျော့ဂျ်ရဲ့ ခေါင်းကိုင်မိခင် ဂျူလီယာဆင်မြူရယ်က ဦးဆောင်လုပ်ကိုင်နေတာဖြစ်ပြီး သူဟာ ဒိုင်ယာနာရဲ့ အချစ်ဆုံးသူငယ်ချင်းတစ်ယောက်လည်းဖြစ်ပါတယ်။

**မေလွဲသင်း-ရေးသားသည်**

# ရုပ်မြင်သံကြားအစီအစဉ်များ

၁၉ - ၁၀ -၂၀၁၅ (တနင်္လာနေ့)

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ ဂီတရိပ်သာ (ကိုမြသိန်း)
- ၆း၂၅ "မဟော်သဓာ" (အပိုင်း-၂၄)
- ၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၄)
- ၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၁၆)
- ၈း၃၅ "ပန်းပျိုးလက်တို့၏ သမာဓိနှလုံးသား" (ထွန်းထွန်းဝင်း၊ ဇော်ဦး၊ နေအောင်၊ မိုးဒီ၊ ခင်မို့မို့အေး၊ ထက်နဒီ၊ ပန်းသော်တာ၊ သဒ္ဒါ) (ဒါရိုက်တာ-မိုးဇော်ကို)
- ၉း၅၀ China In Myanmar Cultural Show
- ၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "ခေတ်ကာလဖခင်" (လူမင်း၊ ဝတ်မှုံရွှေရည်၊ ချောရတနာ) (ဒါရိုက်တာ- ညွန့်မြန်မာညီညီအောင်)
- ၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ်ပြသပါမည်။**

## MRTV - 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၁၁း၀၅ သွားမယ်စားမယ် (Tom Yam Koong Hot Pot)
- ၁၁း၃၀ Forever Music Tribute Hip Hop Show Time (အပိုင်း-၄) (ပထမပိုင်း)
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၇၄)
- ၁၂း၅၀ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ရေနံမြေမှတန်ခိုးကြီးမားဘုရားစေတီပုထိုးများ)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies"
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၈၇)
- ၃း၄၅ ရန်ကုန်မြင်ကွင်းကျယ် (သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် နိဗ္ဗာန်ဈေးပွဲတော်)
- ၃း၅၅ The Streets of Yangon : Mon soon Art Festival 2015@ The Yangon Gallery
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၈၈)
- ၈း၂၀ Drive It
- ၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၉)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၇၅)
- ၁၀း၂၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၅၅ MRTV-4 Stage
- ၄း၃၅ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (ကျိုက်လတ်မြို့မှ တန်ခိုး ကြီးမားဘုရားစေတီပုထိုးများ)

## မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ရွှေဟောင်းသုတ
- ၈း၂၀ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၉း၁၀ သူနှင့်သူ၏သီချင်းများ
- ၄း၂၀ စိုက်ပျိုးသုတ
- ၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ဇာတ်လမ်းတို
- ၅း၀၅ မြန်မာသံစဉ်ချိုနားဝင်
- ၅း၁၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ဓဝင်မြောက်အမုန်း (အပိုင်း-၆၄)
- ၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်း (အပိုင်း-၂၆)
  - ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
  - မေးမြန်းစူးစမ်း
  - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ဓနတံတိုင်းရဲ့တစ်ဖက်တစ်ချက် (အပိုင်း-၂၃)

## mitv

- 07:26 Myanmar Delicate Artistic Handy Creations - The Making Procedure Of Goldsmith
- 07:44 Licuala Palm Leaf
- 07:53 Guiding Star of Song Birds
- 08:26 Gardener: King Orange Plantation
- 08:40 Myanmar Masterclass: Artist Than Kywe
- 08:52 Kyaikhteeyoe: Bamboo Guns
- 09:03 News
- 09:26 Kayah Style
- 09:35 Myanmar Traditional Instruments - Myanma Harp (Episode-2)
- 10:03 News
- 10:26 Orchid Lover
- 10:35 Aesthetic Chinlone
- 07:03 News
- 07:26 Food Trip (Ep-10) (Part -2)
- 07:48 Excavation At Kawhmu
- 08:26 Taste Of Myanmar (Rice Salad with Vegetables)
- 08:45 Myanmar Leading Woman: May Sabai Phyu @ L. Hkawn Htoi

## အားကစား

# အကောင်းဆုံးအခိုက်အတန့်ကို ပိုင်ဆိုင်နိုင်ခဲ့တဲ့ စီရိုနယ်လ်ဒို



ရီးယဲလ်က လီဗန်တေးကို အနိုင်ရတဲ့ပွဲစဉ်မှာ တောင်ပံတိုက်စစ်မှူး စီရိုနယ်လ်ဒိုအနေနဲ့ အနိုင်ဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက်မှာ ရီးယဲလ်အတွက် တိုက်စစ်မှူးရာအူးလ်သွင်းယူခဲ့တဲ့ သွင်းဂိုးအရေအတွက်ထက် တစ်ဂိုးအသာနဲ့ ရီးယဲလ်ရဲ့ ထာဝရအများဆုံးသွင်းဂိုးစံချိန်ရှင်အဖြစ်မှတ်တမ်းဝင်သွားခဲ့ပါပြီ။နည်းပြဘင်နီတက်ဇ်က ဒဏ်ရာရ လူအင်အားများနေစဉ်မှာ ရီးယဲလ်တိုက်စစ်ကို အကောင်းဆုံးထိန်းကြောင်းနိုင်ခဲ့တဲ့ စီရိုနယ်လ်ဒိုရဲ့ခေါင်းဆောင်မှုအရည်အသွေးကို ချီးမွမ်းခဲ့ပါတယ်။

ရီးယဲလ်မှာ ဂျိမ်းရိုဒရီဂွက်ဇ်၊ ဘင်ဇီမာ၊လူကာမိုဒရစ်နဲ့ ရာမို့စ်တို့ ဒဏ်ရာရရှိနေပြီး ယခုနိုင်ပွဲက ရီးယဲလ်အနေနဲ့ နှစ်ပွဲဆက်တိုက်နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့တဲ့ ပွဲစဉ်လည်းဖြစ်ခဲ့ပါတယ်။ဒါ့အပြင် မာဆယ်လိုသွင်းယူခဲ့တဲ့ အဖွင့်ဂိုးဟာလည်း စီရိုနယ်လ်ဒိုရဲ့ အကွက်မြင်မြင်ပေးပို့မှုက တစ်ဆင့်ရရှိခဲ့တာဖြစ်ပြီး နောက်သိပ်မကြာခင်မှာပဲ စီရိုနယ်လ်ဒိုက သူ့ရဲ့မှတ်တမ်းဝင်သွင်းဂိုးကို သွင်းယူနိုင်ခဲ့ပါတယ်။ဒါကြောင့် အခုဆို ရီးယဲလ်အတွက် စီရိုနယ်လ်ဒိုရဲ့ စုစုပေါင်းသွင်းဂိုးအရေအတွက်ဟာ ၃၂၄ ဂိုးအထိရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုက ရီးယဲလ်ကို ရောက်ရှိလာချိန်မှာ မန်ယူမှာ ကစားခဲ့စဉ်ကထက် ပိုမိုခြေစွမ်းကောင်းလာပြီး ပင်နယ်တီဧရိယာအတွင်းမှာကြောက်စရာ အကောင်းဆုံး အဆုံးသတ်ကောင်းမွန်သူအဖြစ်ရောက်ရှိလာပါတယ်။ ရီးယဲလ်လူငယ်နည်းပြ ဇီဒန်းကတော့ စီရိုနယ်လ်ဒိုအနေနဲ့ အခုလို ကမ္ဘာ့အကောင်းဆုံးကစားသမားအဖြစ်ရောက်ရှိလာတာက မက်ဆီရဲ့ ပြိုင်ဘက်ကောင်းအဖြစ်တည်ရှိနေမှုကြောင့်ဖြစ်တယ်လို့ သုံးသပ်ခဲ့ပါတယ်။

စီရိုနယ်လ်ဒိုက ရာသီအစမှာနည်းပြ ဘင်နီတက်ဇ်နဲ့ ဆက်ဆံရေးအဆင်မပြေတာကြောင့် အသင်းပြောင်းရွှေ့ဖို့ နီးစပ်နေပြီလို့ သတင်းထွက်ခဲ့ပေမယ့် ဥက္ကဋ္ဌပီရက်ဇ်က စီရိုနယ်လ်ဒိုကို လိုချင်ရင်ယူရို ၁ ဘီလီယံသုံးစွဲမှသာရနိုင်မယ်လို့ သူ့ကိုအလိုရှိနေတဲ့အသင်းတွေကို သတိပေးပြောကြားခဲ့ပါတယ်။

**မေလှဲ့သင်း**

## အောက်တိုဘာ ၁၉ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

| | | |
|---|---|---|
| **လာလီဂါ ပွဲစဉ် (၈)** | | |
| ဒီပို့တီဗို - ဘီဘာအို | | နံနက်-၁း၀၀ |
| **စီးရီးအေ ပွဲစဉ် (၈)** | | |
| အင်တာမီလန် - ဂျူဗင်တပ် | | နံနက်-၁း၁၅ |
| **ပြင်သစ်လီဂူး ပွဲစဉ် (၁၀)** | | |
| ရင်းနက် - နိုက်စ် | | နံနက်- ၁း၃၀ |

## အောက်တိုဘာ ၁၈ ရက်နေ့ ယှဉ်ပြိုင်သည့် အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ်(၉)** | | | | |
| ဝက်ဖို့ဒ် | ၀ | - | ၃ | အာဆင်နယ် |
| **လာလီဂါ ပွဲစဉ် (၈)** | | | | |
| အီဘာ | ၁ | - | ၁ | ဆီဗီလာ |
| ဘာစီလိုနာ | ၅ | - | ၂ | ဗယ်လက်ကာနို |
| ဗလင်စီယာ | ၃ | - | ၀ | မာလာဂါ |
| ဘက်တစ် | ၁ | - | ၃ | အက်စပန်ညို |
| ဗီလာရီးယဲလ် | ၁ | - | ၂ | ဆယ်တာဗီဂို |
| ဆိုစီဒက် | ၀ | - | ၂ | အက်သလက်တီကို |
| **စီးရီးအေ ပွဲစဉ် (၈)** | | | | |
| ရိုးမား | ၃ | - | ၁ | အမ်ပိုလီ |
| တိုရီနို | ၁ | - | ၁ | အေစီမီလန် |
| ဘိုလော့နာ | ၀ | - | ၁ | ပါလာမို |
| အတ္တလန္တာ | ၃ | - | ၀ | ကာပီ |
| ဖရိုစီနီ | ၂ | - | ၀ | ဆမ်ဒိုးရီးယား |
| ဂျီနိုအာ | ၃ | - | ၂ | ချီယေဗို |
| ဗီရိုနာ | ၁ | - | ၁ | အူဒီးနီးစ် |
| နာပိုလီ | ၂ | - | ၁ | ဖီအိုရင်တီးနား |
| ဆာစူအိုလို | ၂ | - | ၁ | လာဇီယို |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၈)** | | | | |
| ဖရန့်ဖတ် | ၁ | - | ၅ | မိုချင်ဂလာဘတ် |
| ကိုလုံး | ၀ | - | ၁ | ဟန်နိုဗာ |
| **ပြင်သစ်လီဂူး ပွဲစဉ် (၁၀)** | | | | |
| ဘက်စ်တီယာ | ၀ | - | ၂ | ပီအက်စ်ဂျီ |
| စိန့်အက်တီယန် | ၂ | - | ၀ | ဂါဇီလက် |
| ဂူအင်ဂမ့် | ၁ | - | ၁ | လိုင်လီ |
| နန့်တက်စ် | ၃ | - | ၀ | ထရွိုင်ယက်စ် |
| ရိမ်းစ် | ၀ | - | ၁ | ကိန်း |
| တူးလော့စ် | ၁ | - | ၂ | အန်ဂါးစ် |
| မာဆေးလ် | ၁ | - | ၁ | လိုရီယန့် |

**မောင်မောင်ဇော်**

## ပရီမီယာလိဂ် သတင်းတိုများ

❖ *မန်ယူက အဲဗာတန်အားအနိုင်ရရှိခဲ့သည့် ပွဲစဉ်အပြီးတွင် ဟာရဲရားက ရွန်းနီမှာ အင်္ဂလန်၏ ထာဝရအကြီးကျယ်ဆုံးကစားသမားဖြစ်သည်ဟု ချီးမွမ်းပြောကြားခဲ့သည်။*

❖ ***ဆိုစီဒက်နည်းပြ ဒေးဗစ်မိုရက်စ်က ရလဒ်များဆိုးရွားနေသည့် အက်စ်တွန်ဗီလာအသင်းနည်းပြ တင်မ်ရှားဝုဒ်၏နေရာအား ဆက်ခံရန်မျှော်လင့်နေကြောင်း သိရသည်။***

❖ *အာဆင်နယ်သည် တိုက်စစ်ကွက်လပ်ကို ဖြည့်ဆည်းရန်အတွက် အက်သလက်တိုက်စစ်မှူး ဂရက်ဇ်မန်းအားခေါ်ယူရန်ချိတ်ဆက်မှုများအရှိန်မြှင့်လုပ်ဆောင်နေသည်ဟု စပိန်သတင်းစာ မာကာက ဖော်ပြသည်။*

❖ ***မန်ယူနည်းပြဗန်ဟားလ်က တောင်ပံတိုက်စစ်မှူး ဒီပေးအနေဖြင့် လက်ရှိအိုးထရက်ဖို့ဒ်၏စည်းမျဉ်းစည်းကမ်းများနှင့် ဘောလုံးဒဿနကို လိုက်နာနိုင်ပါမှ မန်ယူနှင့် အနာဂတ်ဆက်ရှိမည်ဟု သတိပေးစကားပြောကြားခဲ့သည်။***



## ဟာဇက်အား ချန်လှပ်ခဲ့ရသည့်အကြောင်းရင်းအား မော်ရင်ဟိုရှင်းပြ

ချယ်လ်ဆီးက အက်စ်တွန်ဗီလာအားနှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရခဲ့သောပွဲစဉ်၌ ချယ်လ်ဆီးကြယ်ပွင့်ကစားသမား အေဒင်ဟာဇက်အား ချန်လှပ်ခဲ့ရခြင်းမှာ နည်းဗျူဟာပိုင်းဆိုင်ရာ ပြောင်းလဲမှုကြောင့်သာ ဖြစ်သည်ဟု မော်ရင်ဟိုက ရှင်းလင်းပြောကြားခဲ့သည်။ ဟာဇက်သည် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီ၌ ချယ်လ်ဆီးအသင်း ပရီမီယာလိဂ်ဆွတ်ခူးခဲ့ရာတွင် အဓိကနေရာမှ ပါဝင်ခဲ့သူဖြစ်ပြီး ပရီမီယာလိဂ်တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို သိမ်းပိုက်ရယူနိုင်ခဲ့သူဖြစ်သည်။

သို့သော် ယခုနှစ်ဘောလုံးရာသီတွင်ဟာဇက်မှာ သွင်းဂိုးတစ်ဂိုးမျှ သွင်းယူနိုင်ခြင်းမရှိသေးသလို ခြေစွမ်းပိုင်းအကျဘက်သို့ ရောက်ရှိနေသည်။ မော်ရင်ဟိုကမူ ချယ်လ်ဆီးအနေဖြင့် သွင်းဂိုးများစွာလိုအပ်နေသောကြောင့် နည်းဗျူဟာပိုင်း ပြန်လည်ပြင်ဆင်ရာတွင် ဟာဇက်အား ချန်လှပ်ခဲ့ရခြင်းဖြစ်ကြောင်း မီဒီယာများသို့ပြောကြားခဲ့သည်။

"အခုအချိန်က အသင်းအတွက် တကယ်အရေးကြီးနေတဲ့အချိန်ဖြစ်တာကြောင့် ကစားသမားတွေအနေနဲ့ နာမည်အတွက် တစ်ကိုယ်ကောင်းဆန်လို့မရပါဘူး။ ဒါကြောင့် ကျွန်တော်နည်းဗျူဟာပြောင်းမှာမို့ ဟာဇက်ကို ချန်လှပ်ခဲ့ရတဲ့အကြောင်း ကာယကံရှင်ကိုလည်း သေချာရှင်းပြခဲ့ပြီးပါပြီ။ကလပ်အသင်းထက်အရေးကြီးတာဘာမှမရှိဘူးဆိုတဲ့ ခံယူချက်နဲ့ ကျွန်တော် ဆောင်ရွက်နေတာပါ" ဟု မော်ရင်ဟိုက ရှင်းလင်းပြောကြားခဲ့သည်။

ယခုပွဲတွင် ချယ်လ်ဆီး၌ ပွဲထွက်လူစာရင်းပြောင်းလဲခဲ့ပြီး ဟာဇက်အပါအဝင် ဂျွန်တယ်ရီ၊ မာတစ်တို့မှာလည်း ဝင်ရောက်ကစားခွင့်မရရှိခဲ့ပေ။ ချယ်လ်ဆီးသည် ယခုနိုင်ပွဲကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၁၁)နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

**ဂျယ်ရီလေး**



# တစ်ပွဲလေးဂိုးသွင်းယူမှု ငါးကြိမ်မြောက်အထိ နေမာ စံချိန်တင်ခဲ့

ဘာစီလိုနာအသင်းက ဗယ်လက်ကာနိုအသင်းအား ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် စပိန်လာလီဂါပွဲစဉ်တွင် ဘာစီလိုနာတိုက်စစ်မှူး နေမာသည် သွင်းဂိုးလေးဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ယင်းသို့ သွင်းယူနိုင်ခဲ့ခြင်းကြောင့် တစ်ပွဲ လေးဂိုးသွင်းယူမှုသည် တိုက်စစ်မှူးနေမာအတွက် ငါးကြိမ်မြောက်အထိ စံချိန်တင်ခဲ့ပြီဖြစ်သည်။

တိုက်စစ်မှူး နေမာသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီက ဘရာဇီး ယူ-၂၀ အသင်းနှင့် ပါရာဂွေး ယူ-၂၀ အသင်းတို့ပွဲစဉ်တွင်လည်းကောင်း၊ ၂၀၁၁ ခုနှစ် အောက်တိုဘာလက ဆန်းတို့စ်အသင်းနှင့် အက်သလက်တီကို အသင်းတို့ ပွဲစဉ်တွင်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဧပြီက ဆန်းတို့စ်အသင်းနှင့် ဘာဘာရန်စီအသင်းတို့ ပွဲစဉ်တွင် လည်းကောင်း၊ ၂၀၁၄ ခုနှစ် အောက်တိုဘာက ဘရာဇီးအသင်းနှင့် ဂျပန်အသင်းတို့၏ ပွဲစဉ်တွင်လည်းကောင်း၊ ယခု ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၁ ရက်က ဘာစီလိုနာအသင်းနှင့် ဗယ်လက်ကာနိုအသင်းတို့ ပွဲစဉ်တွင်လည်းကောင်း တစ်ပွဲလေးဂိုးသွင်းယူနိုင်ခဲ့သည့် စံချိန်များတင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းနှင့် ဗယ်လက်ကာနိုအသင်းတို့၏ ပွဲစဉ်တွင် ဘာစီလိုနာအသင်းအနိုင်ရရှိခဲ့ခြင်းကြောင့် ပွဲစဉ်(၈)ကစားအပြီးတွင် ဘာစီလိုနာအသင်းသည် အမှတ်ပေးဇယားထိပ်၌ ဦးဆောင်နေသည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပွဲတူ၊ ရမှတ်တူ၊ ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ယင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို တိုက်စစ်မှူးနေမာက လေးဂိုးနှင့် တိုက်စစ်မှူး ဆွာရတ်ဇ်က တစ်ဂိုး သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ဗယ်လက်ကာနိုအသင်းအတွက် ချေပဂိုး နှစ်ဂိုးကို ဂွါရာနှင့် ဂျိုဇာဘက်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

**ငွေကြယ်**

# အာဆင်နယ်အတွက် ဗဟိုတိုက်စစ်မှူးမလိုအပ်ပါဘူး

အာဆင်နယ်နည်းပြ ဝင်းဂါးက အာဆင်နယ်အနေဖြင့် နောက်ထပ် ဗဟိုတိုက်စစ်မှူးတစ်ဦး မဖြစ်မနေလိုအပ်သည့်အနေအထားမရှိဘဲ လက်ရှိတိုက်စစ်အင်အားဖြင့်ပင် ပရီမီယာလိဂ်ဖလားအားစိန်ခေါ်နိုင်စွမ်းရှိနေကြောင်းဆိုခဲ့သည်။ အာဆင်နယ်သည် မန်ယူအား သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့ပြီးနောက် ဝင်းဂါးအနေဖြင့် ယခုကဲ့သို့ ယုံကြည်မှုပိုမိုမြင့်မားလာခြင်းဖြစ်သည်။

သို့သော် အာဆင်နယ်၏လက်ရှိတိုက်စစ်ကို ဝဲလ်ကော့ကသာဦးဆောင်နေပြီး ဂီရော့ဒ်မှာမူ လီဗာပူးနှင့်ဂိုးမရှိသရေကျခဲ့သော ပွဲစဉ်နောက်ပိုင်းမှစ၍ ပထမပွဲထွက်ကစားခွင့် ဆုံးရှုံးနေခဲ့သည်။တိုက်စစ်မှူး ဝဲလ်ဘတ်မှာလည်း ဒဏ်ရာပြဿနာကြောင့် ခရစ္စမတ်ကာလနောက်ပိုင်းမှသာ ပြန်လည်ဝင်ရောက်ကစားနိုင်မည်ဖြစ်သော်လည်း ဝင်းဂါးကမူ အာဆင်နယ်အတွက် ဗဟိုတိုက်စစ်မှူးတစ်ဦး အရေးတကြီးမလိုအပ်ဟု ယူဆထားသည်။

မန်ယူကိုအနိုင်ရသောပွဲစဉ်တွင် တောင်ပံတိုက်စစ်မှူး ဆန်းချက်ဇ်နှင့် ကွင်းလယ်ကစားသမားအိုဇေးလ်တို့၏ သွင်းဂိုးများကြောင့်သာ အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဝဲလ်ကော့မှာ အာဆင်နယ်အတွက် ၁၁ ပွဲ ဝင်ရောက်ကစားခဲ့ရာ သွင်းဂိုးလေးဂိုးသာ သွင်းယူနိုင်သေးသည်။ ဝက်ဖို့ဒ်အား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသော ပွဲစဉ်တွင် ဂီရော့ဒ်၊ ဆန်းချက်ဇ်နှင့် ရမ်ဆေးတို့၏သွင်းဂိုးများဖြင့် ထပ်မံအနိုင်ရရှိခဲ့ရာ အာဆင်နယ်၏တိုက်စစ်တွင် ဗဟိုတိုက်စစ်မှူးတစ်ဦးအရေးတကြီးမလိုအပ်ဟူသော ဝင်းဂါး၏မှတ်ချက်မှာ မှန်ကန်သကဲ့သို့ ဖြစ်ခဲ့ရသည်။

အာဆင်နယ်၏တိုက်စစ်တွင် ထိပ်တန်းအရည်အသွေးရှိ တိုက်စစ်မှူးတစ်ဦးမျှရှိမနေဘဲ အနိုင်ရလဒ်အတွက် ကွင်းလယ်ကစားသမားများနှင့် တောင်ပံတိုက်စစ်မှူး၏ သွင်းဂိုးများအပေါ် အလုံးစုံမှီတည်နေရသည်။ အာဆင်နယ်သည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ထိပ်တန်းအရည်အသွေးရှိ တိုက်စစ်မှူးတစ်ဦးအားခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း အပြောင်းအရွှေ့ကာလပိတ်သိမ်းသည်အထိဖြစ်မြောက်လာခြင်းမရှိခဲ့ပေ။

ဝင်းဂါးကမူ တောင်ပံတိုက်စစ်မှူး ဝဲလ်ကော့မှာ ဗဟိုတိုက်စစ်နေရာတွင် ကောင်းစွာကစားနိုင်သည့် ကစားသမားဖြစ်ကြောင်း၊ ကစားသမားများအပေါ်ထားရှိသည့် ကြီးမားသည့် ယုံကြည်ချက်ကြောင့် ၎င်းတို့မှာ လက်ရှိအနေအထားထက်ပိုမိုကောင်းမွန်သည့်ခြေစွမ်းမျိုးပိုင်ဆိုင်လာကြကြောင်းဆိုခဲ့သည်။

**မေလှဲ့သင်း**

## နိုင်ငံတော်သမ္မတဦးသိန်းစိန် အမှူးပြုသော နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့မှခေါင်းဆောင်များ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို ဂုဏ်ပြုကြေညာခြင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး ဗဟိုဌာန(MPC)တို့မှ တာဝန်ရှိသူများမှ **တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်** (NCA) ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် မြန်မာပြည်အနာဂတ်အတွက် ဒီမိုကရေစီစနစ်ကို ဦးတည် ဆောင်ရွက်နိုင်ရန် အားလုံးလက်ခံသည့် ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုကို အုတ်မြစ်ချနိုင်ခဲ့ခြင်းအား ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံသားများ၏ကိုယ်စား ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ/တိုင်း(၅)ခုနှင့် ခရိုင်(၁၃)ခရိုင်ရှိ တိုင်းရင်းသားပြည်သူလူထုများမှ အထူးကျေးဇူးတင်ရှိ ပါကြောင်းနှင့် လှိုက်လှဲစွာ မှတ်တမ်းတင်ဂုဏ်ပြုပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည် ဆက်လက်ပူးပေါင်း ပါဝင်နိုင်ပါစေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ယုံကြည်မျှော်လင့်ကြိုဆိုလျက်ရှိပါသည်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

---

### အမျိုး၊ ဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့ (ဗဟို)
### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရုံးခန်း - ရွာမပရိယတ္တိစာသင်တိုက်၊ ဘုရင့်နောင်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ - ၂၅၀၀၄၄၆၁၂

## သဘောထားထုတ်ပြန်ချက်

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး (NCA)သဘောတူစာချုပ်**ကို ၂၀၁၅-ခုနှစ်၊ အောက်တိုဘာလ ၁၅ရက်တွင် နေပြည်တော်၌ ပြည်တွင်း ပြည်ပ အသိသက်သေများရှေ့မှောက်ဝယ် လက်မှတ်ရေးထိုးလိုက်ကြောင်း သိရသဖြင့် ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး ပြည်တွင်းစစ်မီးကြီး ငြိမ်းသွားသည်ဟု ငြိမ်းချမ်းရေးကို လိုလားသူ ရဟန်း၊ ရှင်၊ လူ၊ ပြည်သူအားလုံးက ခံစားမိပါသည်။ တိုင်းပြည်နှင့်လူမျိုးအတွက် တကယ်စစ်မှန်သော သမိုင်းတင်ရမည့် အပြောင်းအလဲ၊ ပြည်ထောင်စုကြီး၏ မဟာအောင်ပွဲလည်းဖြစ်သည်။ ကျည်ဆံများအစား ငြိမ်းချမ်းရေးပန်းများ ပွင့်လာသည်ဟု ခံစားရပါသည်။ ယခုလို ငြိမ်းချမ်းရေးပန်းများပွင့်အောင် ရဲရဲဝံ့ဝံ့ဆောင်ရွက်ပေးကြသူ၊ အဘက်ဘက်မှ တာဝန်ရှိသူ အားလုံးကိုလည်း ပြည်သူလူထုအားလုံး၏ကိုယ်စား ပြည်ထောင်စုကြီး၏ **တိုင်းပြုပြည်ပြုသူရဲကောင်းပုဂ္ဂိုလ်များ**အဖြစ် လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်စွာ ဂုဏ်ပြုအပ်ပါသည်။

ယခုလက်မှတ်ထိုးပွဲတွင် မပါဝင်ဘဲ ကျန်နေသည့်အဖွဲ့များလည်း မကြာမီ လက်မှတ်ထိုးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။ သာစေ၊ နာစေ သဘောမထားဘဲ တိုင်းပြည်ညီညွတ်ရေးကို ရှေးရှုပြီး ငြိမ်းချမ်းရေး လက်မှတ်ထိုးနိုင်အောင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဆက်လက်ဆောင်ရွက်ကာ ပြည်ထောင်စုကြီးကို ထိန်းသိမ်းကာကွယ်ကြပါဟုလည်း တိုက်တွန်းအပ်ပါသည်။

**မဘသအဖွဲ့ကြီး**သည် လူတစ်စုကောင်းစားရေး အာဏာရှင်စနစ်မှ ပြည်သူလူထုအားလုံး ကောင်းစားရေး အမျိုးသားရေးလက္ခဏာမပျောက်သော ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေး ပြုပြင်ပြောင်းလဲမှုများကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေပါသည်။ ကိုယ်ရေးကိုယ်တာခံစားချက်များကို ရှေ့တန်းမတင်ဘဲ တာဝန်ရှိသူ အားလုံးက အဆိုပါပြုပြင်ပြောင်းလဲမှုများကို တစိုက်မတ်မတ် ပြုလုပ်ပေးကြပါဟုလည်း **မဘသအဖွဲ့ကြီး(ဗဟို)**က လေးလေးနက်နက် ဂုဏ်ပြုတိုက်တွန်းကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ဘဒ္ဒန္တတိလောကာဘိဝံသ**
**ဥက္ကဋ္ဌ၊ မဘသအဖွဲ့(ဗဟို)**
**အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဩဝါဒါစရိယ**
**ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်**

---

## ငြိမ်းချမ်းသောအနာဂတ်အတွက် သမိုင်းမှတ်တိုင်တစ်ခုအဖြစ်ကြိုဆိုဂုဏ်ပြုခြင်း

MMPO

အသက်ပေါင်းများစွာ ဆုံးရှုံးစေပြီး ထောင်ပေါင်းများစွာသော ပြည်သူများ နေအိမ်စွန့်ခွာခဲ့ရသည်။ ဆယ်စုနှစ်များစွာ ပြည်တွင်းစစ်ကာလများနောက်ပိုင်း ယခုကဲ့သို့ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်တစ်ရပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအား သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

ခက်ခဲသော ဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ်တစ်ရပ် အဆုံးသတ်ရန် ဆုံးဖြတ်ချက်ချမှတ်သော အဖွဲ့အစည်းများအားလည်း ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် (NCA) လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးသည့် အဖွဲ့အစည်းများအနေနှင့်လည်း အပြုသဘော ဆောင်သည့်စိတ်ဓာတ်ဖြင့် ငြိမ်းချမ်းသော အနာဂတ်တစ်ရပ်အတွက် အတူတကွ လက်တွဲဆောင်ရွက်လာနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

---

### ဖခင်အမည်မှန်


ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(ခွဲ) အေးမွန်ရွာ တက္ကသိုလ်ဝင် ဒသမတန်းမှ မခင်ခင်ယုနှင့် ဆဋ္ဌမတန်းမှ မောင်ချစ်ကိုလွင်၏ ဖခင်အမည်မှန်မှာ ဦးလှနိုင်[၇/ကဝန(နိုင်)၁၁၇၅၇၁] မှတ်ပုံတင်အမည်မှန် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

### အမည်မှန်


အထက(၂) မြို့သစ်၊ ဒသမတန်း(A)မှ မချောစုသင်း၏ အမည်မှန်မှာ မချောဆုသင်း ဖြစ်ပါသည်။

**ရွှေနဂါး**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209077, 209388

**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက်(၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)



ပညာသစ်ပင်
2016 - Physics Exam Guide နှင့်
2016 - Chemistry Exam Guide ထွက်ပြီ။
မေးခွန်း (၅) စုံနှင့် အဖြေပါ ထည့်ပေးထားသည်။
အမြို့မြို့ အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများမှာ မေးဝယ်ပါ။
Ph - 0973056503
Ph - 09973056503



# သက်ကြီးရွယ်အိုစောင့်ရှောက်ရေး အသိပညာပေးဟောပြော ရှင်းလင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၈**

သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးအခမ်းအနားကို အောက်တိုဘာ ၁၆ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံအရှေ့ပိုင်းမြို့နယ်ရှိ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးသစ်လွင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်ငြိမ်းက လူမှုဝန်ထမ်းဦးစီးဌာန အနေဖြင့် သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးဝန်ဆောင်မှု၊ စီးပွားရေးဖူလုံမှုနှင့် ကိုယ်ကာယလုံခြုံမှုဆိုင်ရာအခွင့်အရေးများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ (Help Age International) စီမံကိန်း မန်နေဂျာဦးခင်မောင်ဌေးက လက်ရှိဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းများအား ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့တက်ရောက်လာသူများက သိရှိလိုသည့် မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ သက်ကြီးရွယ်အိုများ NGO အဖွဲ့အစည်းများ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်းအင်အား ၁၀၀ ခန့် တက်ရောက်ခဲ့သည်။ **သော်ဇင်ထက်(၅၉၈)**

# သစ်ရာကောက်ကျေးရွာတွင် စက်ရေတွင်းသစ်တူးဖော်ခြင်းလုပ်ငန်းပြီးစီး

**မကွေး အောက်တိုဘာ ၁၈**

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၁၈၉ သိန်း ခြောက်သောင်းဖြင့် မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာတွင် လေးလက်မစက်ရေတွင်းသစ် တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းစက်ရေတွင်းသစ် တူးဖော်ခြင်းလုပ်ငန်းအား ယခုနှစ် ဩဂုတ် ၂၃ ရက်တွင် လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၄ ရက်တွင် လုပ်ငန်းအားလုံးပြီးစီးခဲ့ပြီး ယင်းစက်ရေတွင်း သစ်တူးဖော်ပြီးစီးခြင်းလုပ်ငန်းအား မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်က အောက်တိုဘာ ၁၅ ရက်တွင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သစ်ရာကောက်ကျေးရွာ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းတွင် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တစ်ကန်၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့်ရှစ်ပေခန့်ရှိသော ရေစက်ရုံတစ်ခု၊ ၂၅ ကောင်အင်ဂျင်တစ်လုံး၊ ၂၀ ကီလိုဝပ် ဒိုင်နမိုတစ်လုံးနှင့် ၇ ဒသမ ၅ Sumbersible Pump တစ်လုံးတို့ပါဝင်ကြောင်း သိရသည်။

"လက်ရှိသစ်ရာကောက်ကျေးရွာတွင် အိမ်ခြေ ၅၈၅ အိမ်၊ လူဦးရေ၂၀၀၀ ကျော် နေထိုင်လျက်ရှိပြီး ထိုကျေးရွာတွင် ယခင် ၁၉၈၀ ပြည့်နှစ်ဝန်းကျင်က တူးဖော်ထားသော စက်ရေတွင်း တစ်တွင်းရှိခဲ့သော်လည်း နှစ်ကာလကြာမြင့်လာခဲ့သဖြင့် တွင်းပိုင်းဆိုင်ရာ ပျက်စီးသွားသည့်အတွက် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသောကြောင့် ယခုလေးလက်မ စက်ရေတွင်းသစ် တူးဖော်ပေးခဲ့ခြင်းဖြစ်ပြီး ယခုစက်ရေတွင်းသစ်သည် အနက်ပေ ၆၈၀၊ ရေထိပ် ပေ ၄၃၀နှင့် ရေထွက်နှုန်း ၁ နာရီလျှင် ဂါလန် ၁၈၀၀ ထွက်ရှိသည်။

'ယခင်စက်ရေတွင်းဟောင်းတွင် ရေငန်သာထွက်ရှိခဲ့ကာ ယခုစက်ရေတွင်းသစ်တွင် ရေငန်မဟုတ်ဘဲ ရေအရသာ ကောင်းမွန်စွာ ထွက်ရှိခဲ့ခြင်းကြောင့် ဒေသခံကျေးရွာနေ ပြည်သူများ ဝမ်းသာကြပြီးနွေရာသီရောက်လျှင် ထိုကျေးရွာအတွက် သောက်ရေသုံးရေအပူအပင်ကင်းသွားမှာပါ" ဟု မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်က ပြောကြားခဲ့သည်။

**ကျော်ဇေယျ**



# ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များဟိုပန်၌ဖြန့်ဝေ

**ဟိုပန် အောက်တိုဘာ ၁၈**

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များ ဖြန့်ဝေခြင်းအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီက 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ ဝဏ္ဏကျော်ထင် စဝ်ခွန်ဆမ်ခန်းမ၌ ပြုလုပ်ရာ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင် ဦးစိုင်းလှဖေ၊ အဖွဲ့ဝင် ဦးသန်းလွင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကျင်ဝမ်း၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့အတွင်းရေးမှူး ဦးမျိုးအောင် (ဒုတိယညွှန်ကြားရေးမှူး)က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးဌာနမှူး ဦးကျော်ကျော်က ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို တင်ပြခဲ့ပြီးတက်ရောက်သူများအား လက်ကမ်းစာစောင်၊ ပိုစတာ နှင့် သန်းခေါင်စာရင်းအစီရင်ခံစာစာအုပ်တို့ကို ဖြန့်ဝေပေးခဲ့သည်။ **ခရိုင်ပြန်/ဆက်**

KMD Institute

ISO

Microsoft Official Learning Partner

PEARSON VUE-Authorized Test Center

Microsoft အသိအမှတ်ပြု Network Engineering နှင့် Software Engineering သင်တန်း

Microsoft CERTIFIED Solutions Associate Windows Server 2012

Microsoft CERTIFIED Solutions Associate SQL Server 2012

- Microsoft အသိအမှတ်ပြု လက်မှတ်ရယူချင်ပါသလား...
- လုပ်ငန်းအတွေ့အကြုံ On Job Training ရယူလိုပါသလား...
- IT Industry မှာ Professional ဖြစ်လိုပါသလား...
- Pearson VUE အသိအမှတ်ပြု KMD Online Test Centre တွင် သက်သာသောနှုန်းထားဖြင့် စာမေးပွဲဖြေလိုပါသလား...

ဒါတွေကိုဖြည့်ဆည်းပေးဖို့ KMD မှာ Network နှင့် Software သင်တန်းများဖွင့်လှစ်ထားပါသည်။

www.facebook.com/kmdedu.mm

EXAM 461 Querying Microsoft SQL Server 2012 Step 1

EXAM 462 Step 2

EXAM 463 Step 3

EXAM 410 Step 1

EXAM 411 Step 2

EXAM 412 Step 3

Opening Date

Software Engineering Course (Pansodan)
Date : 27 Oct 15 , Time : 7am - 10am (Mon - Fri)

Network Engineering Course (Pansodan)
Date : 31 Oct 15 , Time : 2pm - 5pm (Sat - Sun)

Network Engineering Course (Myaynigone)
Date : 30 Oct 15 , Time : 7:40am - 12:20pm (Mon - Fri)

Head Office : 174-182, Pansodan Road(Middle Block), Kyauktada Tsp., Ph: 01-241084, 534170

HotLine : 09262600450

# တောင်ကြီးမြို့၌(၂၂)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ်တွင် (၂၂) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာအလင်္ကာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

(၂၂) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝေမောင်၊ မြို့နယ်ပညာရေးမှူးဆရာမကြီး ဒေါ်ခင်ဝင်းမြင့်နှင့် ဒိုင်ချုပ်ဦးထွန်းအေးတို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေးဟု အဖွင့်အမှာစကားပြောကြားခဲ့သည်။

မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်ခင်ဝင်းမြင့်က ပြိုင်ပွဲကျင်းပသည့်အကြောင်းနှင့် စည်းကမ်းရှိစွာ ယှဉ်ပြိုင်ကြပြီး နိုင်ငံတော်အတွက်၊ မြို့နယ်အတွက်ကိုယ်စားပြုနိုင်ရန် ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် ပြိုင်ပွဲစည်းကမ်းများကိုလည်း အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(၂၂) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို စတင်ရာတွင် အဆိုပြိုင်ပွဲဖြင့်စတင်၍ အဆိုပြိုင်ပွဲတွင် ငါးနှစ်မှ ၁၀နှစ် မဟာဂီတ၊ ၁၅ နှစ်မှ ၂၀ နှစ် မဟာဂီတ(အမျိုးသမီး)၊ ၁၀နှစ်မှ ၁၅နှစ်၊ အဆိုခေတ်ဟောင်းကာလပေါ် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြသည်။

အကပြိုင်ပွဲကို ၁၀နှစ် မှ ၁၅နှစ် (အမျိုးသား၊ အမျိုးသမီး) အကပြိုင်ပွဲကျင်းပခဲ့သည်။ အတီးပြိုင်ပွဲကို ၁၀ နှစ် မှ ၁၅ နှစ် အမျိုးသား အတီး(တယော)ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ကဗျာလွတ်အကပြိုင်ပွဲဝင် အဖွဲ့ ၁၉ ဖွဲ့ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ဝါသနာရှင်များနှင့် ဆုရကျောင်းသား၊ ကျောင်းသူများကို ဆုများချီးမြှင့်ရာတွင် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်ဝင်းမြင့်က အဆိုတွင် ပထမရရှိသော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူ မဆုရတီထွန်းအား ဆုချီးမြှင့်ခဲ့ပြီး တာဝန်ရှိသူများက အခြားဆုရရှိသူများကို အသီးသီး ဆုများ ချီးမြှင့်ပေးခဲ့ကြသည်။

(၂၂) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဝေမောင်၊ မြို့နယ်ပညာရေးမှူးဆရာမကြီးဒေါ်ခင်ဝင်းမြင့်၊ ပြိုင်ပွဲတွင်အမှတ်ပေးခဲ့ကြသော ဒိုင်ချုပ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်ကြီးမြို့ပေါ်ရှိ ကျောင်းပေါင်း ၂၅ ကျောင်းမှ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများနှင့် ဝါသနာရှင်များ စုစုပေါင်း ၃၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရေး ကော်မတီမှ ရေသန့်စက်နှင့် မီးအားမြှင့်စက် လှူဒါန်း

**မြင်းမူ အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေကြသူများအား သန့်ရှင်းသော သောက်သုံးရေရရှိစေရန်အတွက် မြို့နယ်ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီက ရေသန့်စက်တစ်လုံးကို အောက်တိုဘာ ၁၆ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ရေသန့်စက်ကို မြို့နယ်ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းက ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ယင်းနေ့က လှူဒါန်းသော ရေသန့်စက်သည် ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ ထိုင်းနိုင်ငံထုတ် 500 UF ရေသန့်စက်အမျိုးအစားဖြစ်ပြီး တစ်နာရီလျှင် ရေလီတာ ၅၀၀ သန့်စင် အသုံးပြုနိုင်သည်။

အလားတူ မြို့နယ်ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီသည် မြင်းမူမြို့ ညောင်ဦးဖီးရပ်ရှိ အမှတ်(၆) အခြေခံပညာမူလတန်းကျောင်းသို့ ငွေကျပ်ငါးသိန်းရှိ 10 KVA မီးအားမြှင့်စက် တစ်လုံးကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်စိုးဖေ**



ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးဒေသမှ သဘာဝဘေးသင့်ပြည်သူများအား ကယားပြည်နယ် ရဲတပ်ဖွဲ့မှူးရဲမှူးကြီးမြင့်တိုးနှင့် ဇနီးဒေါ်စန်းစန်းလှ ဦးဆောင်သော ပြည်နယ်၊ မြို့၊ ခရိုင်မှ ရဲတပ်ဖွဲ့ဝင်မိသားစုများမှ ခြုံစောင် ၁၇၅ ထည်၊ တီရှပ်အထည် ၁၅၀၊ ထောပတ်မုန့်ကြွပ်ရှစ်ဖာ စုစုပေါင်းတန်ဖိုးကျပ် ၆၄၀၀၀၀ နှင့် အဝတ်အထည် ၂၁ အိတ်တို့ကို ယမန်နေ့က ကယားပြည်နယ် လွိုင်ကော်မြို့ သာသနာ့ဗိမ္မာန်တော်ကြီး၌ နံနက် ၉ နာရီခန့်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ကိုစိုင်း(လွိုင်ကော်)

# ဆန္ဒမဲပေးနည်း အဆင့်ဆင့်သရုပ်ပြပွဲ ဟိုပန်မြို့နယ်တွင် ပြုလုပ်

**ဟိုပန် အောက်တိုဘာ ၁၈**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင်ပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ စနစ်တကျမှန်ကန်စွာမဲပေးနိုင်ရန် ရည်ရွယ်၍ ဆန္ဒမဲပေးနည်း အဆင့်ဆင့်သရုပ်ပြပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၁ နာရီက 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ ဝဏ္ဏကျော်ထင်စဝ်ခွန်ဆမ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးမျိုးမင်းထိုက် (လက်ထောက်ညွှန်ကြားရေးမှူး)က မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ၊ မဲပေးနည်းအဆင့်ဆင့်တို့ကိုရှင်းလင်းပြသပြီး ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုမဲရုံမှူးများက မဲပေးပုံ မဲပေးနည်းအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြခဲ့သည်။

အဆိုပါ သရုပ်ပြပွဲသို့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကျေးကော်မရှင်အဖွဲ့ခွဲဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်းသိရသည်။

**ခရိုင် ပြန်/ဆက်**

MODEL & DANCER SHOW နှင့် လူရွှင်တော် ချစ်ချော၊ ပွမ်ပွမ်အဖွဲ့မှ ဖျော်ဖြေတင်ဆက်မည့်
သီတင်းကျွတ်ပွဲတော် ပုသိမ်မြို့ကုန်စည်ပြပွဲကြီး
(28-10-2015) မှ ( 1-11-2015)ထိ
WINNER PH : 09 517 3076, 09 2500 58306, 09 250 660 119
(မြို့တော်ခန်းမ)

**တစ်ဦးတည်း ဖြစ်ကြောင်း** ဈေးကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်နေထိုင်သူ ဦးစိုးမြင့်၏ သမီးဖြစ်သူ [၁၂/အစန(နိုင်)၀၅၀၇၇၃]ကိုင်ဆောင်သူ ဒေါ်အေးအေးသန်း(ခ) ဒေါ်သန်းသန်းအေး သည် တစ်ဦးတည်းဖြစ်ပါသည်။

**ဖခင် အမည်မှန်** ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အထက(စစ်ကွင်း)၊ ဒသမတန်း(ဂ)မှ မခိုင်ဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်း[၁၂/စခန(နိုင်)၀၅၁၁၀၈] ဖြစ်ပါသည်။

**ပျောက်ဆုံးခြင်း** ကျွန်မ မစိုးရီရီလွင်၏ Passport No.MA-882194သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက 09-5305847 ကို အကြောင်းကြားပေးပါရန်။

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ၁၅-၁၀-၂၀၁၅ ရက်တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးမှုများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူလက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကိုအောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန(MPC)တို့မှတာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲမှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ၁၅.၁၀.၂၀၁၅ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ရှေ့မှောက်၌ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးနိုင်ရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူလက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကိုအောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲမှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း

# မင်းတုန်းမင်းတရားကြီး၏ မဟာဗောဓိရွှေညောင်တော်ကျောက်စာ

## သီတဂူဆရာတော် အရှင်ဉာဏိဿရ

**သံပိုင်းမော်ကွန်း**
**(ပါဠိ------မြန်မာနှစ်ဘာသာ)**

သုရဂ္ဂဘူပေါ ဇဂတောသဘော၊ ဒယောဒကံ သီတမုဘေတု ဘေတုသေ။

ဝနီကဇ္ဇန္တူ သုသုခံ တပံတပံ၊ ယသံ ဓရော ယော သဟ ဝေ သဒါ သဒါ။

ယသံ- တန်ခိုးကျော်စောခြင်းကို။ ဓရော- ဆောင်တော်မူနိုင်သော၊ ဇဂတိ အာသဘ ဥသဘော- လူအပေါင်းတို့ထက်မြတ်သော၊ ဥသဘမြှောက်ပြီး အာသဘကြီး ဖြစ်တော်မူသော။ ယော သုရဂ္ဂဘူပေါ- အကြင်နတ်အပေါင်းတို့ထက်မြက်သည်၏အဖြစ်ကြောင့်၊ သုရဇ္ဇေဋ္ဌက မလာသနမည်သော ပြဟ္မာမင်း တည်းဟူသော တရားမင်းမြတ်သည်။ သေဝနီကဇ္ဇန္တူသု- မိမိကိုမှီကုန်သော တိုင်းနိုင်ငံသူ ရှင်လူအပေါင်းတို့၌၊ သီတံ-သီတေန- ချမ်းအေးလှစွာသော၊ ဒယာဥဒကံ-ဒယာဥဒကေန- မေတ္တာတည်း ဟူသောရေအေးဖြင့်၊ ဥဘေတု-သိဉ္စတု- သွန်းလောင်းဖျန်းဆွတ်ပါစေသတည်း။ သသော သုရဂ္ဂဘူပေါ- ထိုနတ်အပေါင်းတို့ထက် မြက်သည်၏အဖြစ်ကြောင့်၊ သုရဇ္ဇေဋ္ဌက မလာသနမည်သော ပြဟ္မာမင်း တည်းဟူသော တရားမင်းမြတ်သည်၊ တပံ၊ အဇ္ဈတ္တိကဗာဟိရသန္တာန်၌ကျရောက်လာသော ပူပန်ခြင်း ဒုက္ခကို။ တပံ-တပန္တော-မိမိကပူပန်စေလျက်၊ ဟဝေ-ဧကန္တေန- စင်စစ်သဖြင့်။ သဒါ သဒါ- အခါခပ်သိမ်း။ သုခံ- ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာ။ သေတု၊ အတ္တဘော၌ ဘေးနှောမရှိဘဲ ပကတိ ဖြစ်ပါစေသတည်း။



မင်းတုန်းမင်းတရားကြီးမဟာဗောဓိညောင်ပင်နှင့် စေတီတော်ကြီးသို့ လှူဒါန်းခဲ့သောအလှူတော်များ မှတ်တမ်းတင်ထားသည့်
မဟာဗောဓိရွှေညောင်တော်ကျောက်စာသံပိုင်းမော်ကွန်း

ဗုဒ္ဓမြတ်စွာပွင့်တော်မူရာ မဟာဗောဓိပင်သို့ ၁၉၈၁ ခုနှစ်မှစ၍ နှစ်စဉ်လောက်နီး ရောက်ရှိခဲ့သည်။ (၂၅) ကြိမ်ထက် မနည်းရောက်ရှိခဲ့သည်။ မဟာဗောဓိပင်ကို ဖူးမြော်ပြီးလျှင် ရှေးဟောင်း ဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ် ရုပ်တု၊ ဆင်းတု၊ ပန်းပု၊ အနုပညာတို့ကို လေ့လာခဲ့သည်။ မဖြစ်မနေ ရောက်ရှိခဲ့သော နေရာတစ်ခုမှာ မင်းတုန်းမင်းကြီး၏ ကောင်းမှုတော်ဌာပနာစေတီနှင့် ကောင်းမှုတော်ကျောက်စာစေတီတို့ ဖြစ်သည်။

ထိုစေတီဟောင်းနှစ်ဆူမှာ နေရဥ္စရာကို မေးတင်ဆောက်ထားသည်။ ဟိန္ဒူဘုန်းတော်ကြီး မဟန္တာ၏ ကျောင်းအတွင်းမှာရှိသည်။ သစ်ပင်ချုံနွယ်များပိတ်ဖုံးလျက်ကြိုးပွဲ့ပျက်စီး၍ ရေညှိများတက်ကာ ပင်ပန်းညှိုးငယ်စွာ စံပယ်လျက်ရှိပါသည်။ ချုံနွယ်ပိတ်ပေါင်းတို့ကိုတိုးဝှေ့၍ ကျောက်စာ စေတီတွင်းသို့ဝင်ကာ ကျောက်စာတို့ကိုကြိုးစား၍ ဖတ်ကြည့်ပါသည်။ ပါဠိ၊ မြန်မာ၊ ဒေဝနာဂရီဖြင့် ရေးသော သက္ကတဘာသာဟု သုံးဘာသာဖြင့် ရေးထိုးထားသော စကျင်ကျောက်ဖြူသား ငါးပေခန့် အမြင့်ရှိသော ကျောက်စာကို လွမ်းမောဖွယ် တွေ့ရလေသည်။

ကျောက်စာ၌တွေ့ရသော မှတ်တမ်းအကျဉ်းချုပ်မှာ သာသနာနှစ် ၂၄၁၇ ခု၊ ကောဇာသက္ကရာဇ် ၁၂၃၆ ခု၊ တန်ဆောင်မုန်းလတွင် မြောင်လှမြို့စားဝန်ထောက်မင်းကြီးသီရိမဟာဇေယျသူ၊ စာရေးကြီး နေမျိုးမင်းထင်စည်သူ၊ အမှာရေး နေမျိုးမင်းထင်ကျော်ခေါင်တို့ကို အခြံအရံနှင့်တကွ စေခန့်တော်မူ၍ လှူဖွယ်ဝတ္ထုတို့ကိုလည်း စကြာယဉ်မွန် မီးသင်္ဘောတော်တွင်တင်၍ မဟာဗောဓိရွှေညောင်တော် အရောက် စေလွှတ်ပို့သ တင်လှူတော်မူသည်။

စိန်အလုံးရေ (၅၁၁)၊ မြအလုံးရေ (၃၁၁)၊ ကျောက်နီလုံးရေ (၃၉၆၆)၊ ပုလဲလုံးရေ (၆၂၃)၊ ဆွေတော်/မျိုးတော်၊ သားတော်/သမီးတော်တို့လှူသော ရွှေထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွါး၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်တို့ကား များပြားစွာဘိတောင်း။ မြန်မာဘာသာကျောက်စာ၌ 'အပရာဇိ၊ ညောင်ဗောဓိသို့၊ အသဒိသ၊ မြတ်ဒါနဟု၊ စိန်, မြ, ပတ္တမြား၊ ကိုးပါးနဝရတ်၊ လျှောက်ပတ်ခြယ်လှယ်၊ လွန်ဆန်းကြယ်ကို၊ ကျယ်မကုန်နိုင်၊ ဆုံးမပိုင်တည့်။ နိုင်ငံသုံးလူ၊ သာဓုယူလျှက်၊ လှူရေစက်ဖြင့်၊ ပန္နက်ဆုကြီး၊ မင်္ဂဖိုလ် ထီးဟု၊ ညီးညီး ပွင့်လျှက်၊ မြင့်ထက်မြင့်သား၊ ကြည်မင်းဗိမာန်၊ မြိုက်နိဗ္ဗာန်ကို၊ ဧကန်မျက်မှောက်၊ ပြုရမြောက်စိမ့်၊ လျှင်တောက်တပို၊ မိန့်မြွတ်ဆိုပြီး၊ ထိုသည့်ဒါန၊ ဒါတဗ္ဗကို ရ စသည်ဖြင့် ရေးထိုးထားခဲ့လေသည်။


ထိုစဉ်က မဟာဗောဓိပင်နှင့် မဟာဗောဓိစေတီတော်ကြီးမှာ စနစ်တကျဖွဲ့စည်း အုပ်ချုပ်သော ရှေးဟောင်းအဖွဲ့များမရှိသေးမူ၍ အင်္ဂလိပ်အစိုးရကလည်း ကိုင်တွယ်နိုင်ခြင်း မရှိသေးသဖြင့် ဟိန္ဒူ ဘုန်းတော်ကြီး မဟန္တာယောဂီက အုပ်ချုပ်ထားလေသည်။ မင်းတုန်းမင်းကြီးသည် ထိုကျောက်မျက်ရတနာတို့ကို မဟာဗောဓိစေတီတော်ကြီးအား ပြုပြင်ရန်ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ်သည်။ ပြုပြင်ခွင့်ကိုလည်း တောင်းဆိုခဲ့လေသည်။

မဟာဗောဓိစေတီတော်ကြီး စီမံအုပ်ချုပ်ရေး အာဏာပိုင်များမှာ---ဂယာဒေသ အုပ်ချုပ်ရေး အရာရှိလက်တွင်မရှိဘဲ မဟန္တာဘုန်းတော်ကြီးများ၏ လက်မှာသာရှိ သောကြောင့် မဟန္တာဘုန်းတော်ကြီးနှင့် ညှိနှိုင်းမှု မပြီးဆုံးဘဲ ရတနာများကို ထိုမဟန္တာဘုန်းကြီးများအား အပ်နှံထားခဲ့ရလေသည်။

ထို့ကြောင့် မြောင်လှမြို့စားမင်းကြီး သီရိမဟာဇေယျသူ ခေါင်းဆောင်သော မြန်မာ့သံတမန်အဖွဲ့ကကျောက်မျက်ရတနာများ သိမ်းဆည်းရန် အုတ်တိုက်စေတီတစ်ဆူနှင့် ကျောက်စာစေတီ တစ်ဆူတို့ကို မဟန္တာယောဂီ(ဇောဂျီ)ကြီး၏ ကျောင်းဝင်းအတွင်းမှာတည်ထား၍ ပြန်ခဲ့ကြရလေသည်။ မဟာဗောဓိစေတီတော်ကြီးကို ပြုပြင်ခွင့်ကား မရခဲ့ချေ။

(အခြားမှတ်တမ်းများ၌ မဟန္တာယောဂီကြီးက ခရစ်နှစ်၁၈၇၇-ခုနှစ်တွင်မှ ပြင်ခွင့်ပေး၍ မြန်မာ့မစ်ရှင်မန္တလေးမှ ပြန်လာလုပ်ငန်းစသည်ဟု ဆိုပါသည်။ သို့သော်---မင်းတုန်းမင်းကြီးသည် ၁၈၇၈-ခုနှစ် (စက်တင်ဘာ)တွင် နတ်ရွာစံတော်မူခဲ့လေပြီ။ မင်းကြီးနတ်ရွာစံသော် ဗုဒ္ဓဂယာရောက် မြန်မာမစ်ရှင်အဖွဲ့လည်း မန္တလေးသို့ပြန်ခဲ့ရပြီးဖြစ်လိမ့်မည်။ ကောင်းမှုတော်ကား ခရီးမပေါက် မပြီးမရောက်ဖြစ်ခဲ့လေသည်။)

ယနေ့မြင်ကွင်းမှာမူ ကျောက်မျက်တို့ သိုလှောင်ရာဂိုဒေါင်သဖွယ်ဖြစ်ခဲ့သော (ဌာပနာစေတီ) ဌာပနာတိုက်မှာ ဘုရားသီတင်းသုံးရန် ပလ္လင်ငယ်ကလေးနှင့် ဟင်းလင်းဟောင်းလောင်း-ဟိန္ဒူ ပန်းရန်တို့ အကြိမ်ကြိမ်အဖန်ဖန်ပြင်ဆင်ထားသောကြောင့် မြန်မာ့ဟန် မန္တလေးလက်ရာ ယဉ်ကျေးမှုများ ပျောက်ကွယ်လျက်ရှိနေလေပြီ။ ကျောက်စာတိုက်စေတီမှာလည်း မြန်မာစေတီလော၊ ဟိန္ဒူစေတီ လော။ ထင်မှားစရာဖြစ်ပါသည်။ ကျောက်စာတိုက်ကို ပြင်၍ ကျောက်စာချပ်ကြီး မပျောက်မပျက်အောင် ထိန်းသိမ်းထားခဲ့ကြသော မဟန္တာဘုန်းတော်ကြီး အဆက်ဆက်ကို အထူးပင်ကျေးဇူးတင်ရပါသည်။ သို့သော်--မင်းတုန်းမင်းကြီး၏ ကောင်းမှုတော် ကျောက်မျက်ရတနာတို့ကိုတော့ မှန်းမျှော်၍ လွမ်းမိပါသည်။



ပြန်လည်ပြုပြင်တည်ဆောက်မည့် ဘဏ္ဍာတိုက်နှင့် ကျောက်စာတိုက်ပုံ

မြန်မာ့ယဉ်ကျေးမှု၊ ဘာသာရေး၊ သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် မြန်မာတစ်မျိုးသားလုံး မှာ တာဝန်ရှိပါသည်။ ဗုဒ္ဓဂယာသို့ ရောက်တိုင်း ဟိန္ဒူကျောင်း တွင်းက ညှိုးညှိုးငယ်ငယ် စံပယ်တော်မူနေသော ရတနာစေတီနှင့် ကျောက်စာစေတီနှစ်ဆူတို့ ဖူးမြော်ရတိုင်း ရယူချင်သော ကုသိုလ်အခွင့်ကို မဟာဗောဓိပင်မှာ အကြိမ်ကြိမ် ဆုတောင်းမိသည်။ သမိုင်းပေး ကုသိုလ်ရယူဖို့ သမ္မတကြီး ဦးသိန်းစိန် အိန္ဒိယသွားတော့ မှာလိုက်မိသည်။ သမ္မတကြီးက ဝန်ကြီးချုပ် နရိန္ဒရာမိုဒီကို ပြောသည်။ တရားဝင် ပြင်ဆင်ခွင့် ရလေပြီ။

၁၃၊ ၁၀၊ ၂၀၁၅နေ့က အိန္ဒိယလေကြောင်းဖြင့် ဂယာသို့ရောက်သည်။ တမ္ပဝတီဦးဝင်းမောင်၊ တမ္ပဝတီချိုဇော်မင်း၊ သီတဂူဘာဘူတို့ အဖွဲ့ဝင်အဖြစ်ပါ လာသည်။ ဘီဟာပြည်နယ်ယဉ်ကျေးမှုဌာန အရာရှိများ ဂယာလေဆိပ်မှာ ပန်းစီးဆက်၍ ကြိုဆိုကြသည်။ နေ့ ၂း၀၀နာရီ ရောက်လေသည်။ ညနေ၄း၀၀ နာရီမှာ မဟာဗောဓိဂေါပက အဖွဲ့ရုံးခန်း၌ ဟိန္ဒူမဟန္တာဘုန်းတော်ကြီး၊ ဆရာတော်ဦးဉာဏိန္ဒ၊ ဦးနန္ဒာဘာသ၊ မြန်မာကောင်စစ်ဝန် ဦးသန်းထွေး၊ အိန္ဒိယပြည် ရှေးဟောင်းသုတေသနပညာရှင်များ၊ နိုင်ငံခြားရေးဌာနမှ အရာရှိများ၊ မဟာဗောဓိ စေတီတော် အတွင်းရေးမှူးတို့ တက်ရောက်ကြသည်။ ၅း၀၀နာရီမှာ အစည်းအဝေးပြီး သည်။ မြန်မာမှု မြန်မာ့ဟန်နှင့် မြန်မာတို့ပြင်ဖို့ သဘောတူ ဆုံးဖြတ်ကြသည်။ ၁၄၊ ၁၀၊ ၁၅ နေ့မှာ ကွင်းဆင်း၍ အသေးစိတ်လေ့လာ တိုင်းတာတွက်ချက်၊ ပုံထုတ်နေရာ ရှင်းကြသည်။



"မဟာဗောဓိစေတီတော်" အုပ်ချုပ်ရေးရုံးခန်းတွင်
သီတဂူဆရာတော်ကြီးနှင့် အုပ်ချုပ်ရေးအဖွဲ့များအစည်းအဝေးကျင်းပနေစဉ်

၁၅-ရက်နေ့တစ်နေ့လုံး ဆရာတော်ကိုယ်တိုင်၊ တမ္ပဝတီဦးဝင်းမောင်၊ တမ္ပဝတီ၊ သီတဂူ ဘာဘူ၊ ကောင်စစ်ဝန်ကိုသန်းထွေးတို့ငါးဦး Royal Residency Hotel ၌ ညှိနှိုင်းတိုင်ပင်၍ ကွန်ပျူတာနှင့် ပုံစံများထုတ်ကြသည်။ (၁၅)ရက်နေ့ ညနေခင်းတွင် အုပ်ချုပ်ရေးအဖွဲ့၊ ရှေးဟောင်းသုတေသနအဖွဲ့၊ သီတဂူအဖွဲ့နှင့် မြန်မာ့သံတမန်အဖွဲ့တို့ ဒုတိယအကြိမ်ထပ်မံ တွေ့ဆုံကြသည်။ လက်ရှိအဆောက်အအုံအဟောင်း၏ မြန်မာ့ပုံဟန်မကျသော အပေါ်ယံမွမ်းမံမှုများကို ခွာချဖျက်သိမ်း၍ မန္တလေးမူ၊ မန္တလေးဟန် မင်းတုန်းခေတ်အသွင်ဖြင့် ပီပီသသဆောက်လုပ်ရန် သဘောတူ အပြီးသတ်ဆုံးဖြတ်ကြသည်။ မန္တလေးဘုရင်ကြီး၏ ကောင်းမှုစေတီနှစ်ဆူကို မန္တလေးသူ၊ မန္တလေးသားတို့ အကုန်လှူကြမည်ဟု ကတိပြုထားကြပြီ။ စေတီနှစ်ဆူစလုံးကို မန္တလေးကျောက်စာစေတီများ၏ပုံအတိုင်း ပြန်လည်တည်ဆောက်သွားမည်ဖြစ်သည်။

**အပရာဇိ၊ ညောင်ဗောဓိသို့၊ အသဒိသ၊ မြတ်ဒါနဟု၊**
**စိန်ယ မြယ ပတ္တမြား၊ ကိုးပါးနဝရတ်၊ လျှောက်ပတ်ခြယ်လှယ်၊**
**လွန်ဆန်းကြယ်ကို၊ ကျယ်မကုန်နိုင်၊ ဆုံးမပိုင်တည့်။**
**နိုင်ငံလုံးသူ၊ သာဓုယူလျက်၊ လှူရေစက်ဖြင့်၊**
**ပန္နက်ဆုကြီး၊ မဂ်ဖိုလ်ထီးဟု၊ ညီးညီးပွင့်လျက်၊**
**မြင့်ထက်မြင့်သား၊ ကြည်မင်းဗိမာန်၊ မြိုက်နိဗ္ဗာန်ကို၊**
**ဧကန်မျက်မှောက်၊ ပြုရမြောက်စိမ့်**-------

(မဟာဗောဓိရွှေညောင်တော်ကျောက်စာ မြန်မာဘာသာကို စာရေးကြီး နေမျိုးမင်းထင် စည်သူရေးသားပြီး၊ ပါဠိဘာသာ ဤမော်ကွန်းစာကို မဟာဓမ္မရာဇဂုရုဘွဲ့ တံဆိပ်တော်ရ ဒီပါလင်္ကာရ သိရီကဝိဓဇ မဟာထေရ်က ရေးသားတော်မူသည်။)

'သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ'


❑❑❑



အလှူတော်များ သိမ်းဆည်းထားသိုရာ အုတ်တိုက် ဘဏ္ဍာအိမ်
ကျောက်စာမော်ကွန်းထားရှိရာ ကျောက်စာတိုက်

(အဆောက်အဦးများကို ဒေသခံအိန္ဒိယနိုင်ငံသားများ ပြုပြင်ထားသောကြောင့် မြန်မာ့လက်ရာများ မကျန်ရှိတော့ပေ။)

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

သက်ခိုင်သည် အံကိုသာ ဆက်ကြိတ်ထားသည်။ ဘာမျှ ပြန်မဖြေ။

"မောင့်ရည်ရွယ်ချက်တစ်ခုတော့ ပြည့်သွားပါပြီ မောင်။ ဒီလောကကြီးမှာ မောင်မရှိလေတော့ဘူးလို့ ထင်တော့ မမနွယ်အားလုံးကို အရှုံးပေးလိုက်ပြီ။ ဒီနေ့ ဒီအချိန်မှာ တစ်လောကလုံးမှာ အပျော်ဆုံးလူတစ်ယောက်ဟာ အန်တီပဲ မောင်. . . မမနွယ်ပြောတာကို မောင် နားလည်ရဲ့လား"

သက်ခိုင် နားလည်သည်။ ကောင်းကောင်းနားလည်သည်။ နားလည်မိသောကြောင့် ဝမ်းနည်းလျက်က ဝမ်းသာ မိသည်။

သူသည် ရင်တွင်း၌ ဘာမျှမဖြစ်သည့်ဟန် မလေးနွယ်၏ လက်ကလေးကို ဆွဲပြီး ခုံတန်းပေါ်၌ ထိုင်ခိုင်း၏။ အလွန်တည်သော မျက်နှာထားနှင့်မေး၏။

"အခုမောင် ရှိနေမှန်း မမနွယ် ဘယ်လိုလုပ် သိသလဲ"

"တစ်နေ့က ဥပဒေပါမောက္ခက ဖေဖေနဲ့ လာထမင်းစားတယ်။ သူနဲ့အတူ မန္တလေးက ဥပဒေကျောင်းသား ကိုဘရီနဲ့ ကိုမြစိန် ပါလာကြတယ်။ သူတို့က တကောင်းဟောမှာ နေတယ်ဆိုလို့ စကားစပ်မိရာက မောင်နဲ့ ကိုအေးဝင်း မီးရထားရုံကြီးမှာ အောက်တန်းစာရေး ဝင်လုပ်နေတာ မမနွယ်သိရတယ်။ ဩော်. . . မောင်. . . နေဦး"

မလေးနွယ်သည် လက်ပွေ့အိတ်ကို ဖွင့်ပြီး စာရွက်အချို့ကို ထုတ်ယူပြသည်။ စာရွက်များတွင် ရန်ကုန်တက္ကသိုလ် တံဆိပ်ရိုက်ထားသည်။

ကျောင်းလခနှင့် အဆောင်ကြေးသွင်းပြီးဖြစ်ကြောင်း ဖော်ပြသည့် ပြေစာများ ဖြစ်ကြ၏။

"ငွေကို လက်မခံတဲ့ မောင့်အတွက် မမနွယ်ဒါတွေ လုပ်ထားမိတယ်။ မောင်. . . မမနွယ်ကို စိတ်ဆိုးဦးမလား"

သက်ခိုင်သည် မလေးနွယ်၏ မျက်လုံးများကို စေ့စေ့ကြည့်မိသည်။ ဝမ်းနည်း ပင်ပန်းသော မလေးနွယ်၏ မျက်လုံးပြာများက တောင်းပန်စွာ သူ့ကို ပြန်ကြည့်နေသည်။

သက်ခိုင်သည် သက်ပြင်းကိုသာ ပြင်းစွာ ရှိုက်လိုက်ရ၏။

ဒေါ်ကြီးခက်ခက်သည် ချဉ်းကပ်ရောက်လာ၏။

"နွယ်နဲ့ လူကလေး လာ. . . ထမင်းစားကြရအောင်"

မလေးနွယ်၏ တောင်းပန်သော မျက်လုံးပြာများက သက်ခိုင်ကို စိုက်ကြည့်မြဲ စိုက်ကြည့်နေသည်။

သက်ခိုင်က ဖြည်းညင်းစွာ နေရာမှထပြီး မလေးနွယ်ကို မေးသည်။

"အစ်ကိုဘမြိုင်. . . ဘယ်တော့ ပြန်ရောက်မလဲ မမနွယ်"

"နွေမှာတဲ့. . . မောင်၊ ဘာပြုလို့လဲ"

သက်ခိုင်က အဓိပ္ပာယ်မရှိ ရယ်မိ၏။

"ဩော်. . . နွေမှာတဲ့လား. . . မောင်တို့မှာ တစ်ဆောင်းကျန်ပါသေးတယ် မမနွယ်။ တစ်ဆောင်း ကျန်ပါသေးတယ်"

**အခန်း–၃၁**

**မိုးနတ်ဒေဝီသို့ နှုတ်ဆက်ခြင်း**

လွမ်းဖွယ်သော တစ်ဆောင်းသည် လျင်မြန်စွာ ကုန်ခဲ့ရ၏။

မလေးနွယ်၏ ကျေးဇူးကြောင့် အဆောင်သို့ပြန်ရောက်ခဲ့ရသော သက်ခိုင်သည် တစ်ဆောင်းလုံး ကျောင်းမှန်မှန်တက်သည်။ စာကိုလည်း အပြင်းအထန်ကြည့်သည်။

ထိုဆောင်းအတွင်း ဝမ်းနည်းဖွယ် ခွဲခွာရခြင်းတို့ကို ကြုံရသည်။

ဖခင် ဆုံးခဲ့ပြီး ဖြစ်သောကြောင့် ကျောင်းဆက်မတက်နိုင်တော့သော တင်မောင်စိုးသည် ဥပစာတန်းအောင်အပြီး၌ ရေတပ်မတော်သို့ ဝင်ကာ အင်္ဂလန်ပြည် ဒါတ်မော့သ်မြို့သို့ ပညာတော်သင်အဖြစ် ထွက်ခွာသွားသည်။ ကိုလှဖေ၊ ကိုလေးမောင်နှင့် ကိုစောလွင်တို့က မေမြို့ ဗိုလ်သင်တန်းကျောင်းသို့ တက်သွားကြသည်။ သူတို့နောက်သို့ ဝင်းမောင် (ပီတာ)လည်း လိုက်သွားသည်။ အေးဝင်းကလည်း ကံ့ကော်တောကို စွန့်သွားသည်။ မောင်ရှိန်က ပင်းယကျောင်းဆောင်သို့ ရွှေ့သွားကာ ဘီအက်စီ ဆက်တက်နေ၏။

ထွန်းငွေလည်း ဘယ်ပျောက်သွားမှန်း မသိ။

တကောင်းကျောင်းဆောင်တွင် ကိုမြင့်သောင်းနှင့် သက်ခိုင်သာ ကျန်ရစ်တော့၏။

ကိုမြင့်သောင်းက တတိယနှစ် ဘီအက်စီ အင်ဂျင်နီယာ သင်တန်းအောင်ရန် မအိပ်မနေ စာကြည့်သည်။ သက်ခိုင်ကဆရာဝန်မလုပ်လိုတော့သော်လည်း ယူလက်စဖြစ်သောကြောင့် အိုင်အက်စီ ဒုတိယနှစ် စာမေးပွဲကြီးအတွက် အပြင်းအထန်ကြိုးစားသည်။

ကိုမြင့်သောင်းက တစ်ညတွင် မေးသည်။

"မောင်ရင်. . . သိပ်စာကြိုးစားနေပါကလား။ ကဗျာဆရာက ဆရာဝန်သိပ်ဖြစ်ချင်နေသလား"

သက်ခိုင်က ပြုံးပြီးဖြေသည်။

"ဆရာဝန် မဖြစ်ချင်ပါဘူး။ စာကျက်တာကတော့ စာမေးပွဲအောင်ဖို့ပဲ။ ဒီမှာ ရှုနက်ကြီး. . . ကိုယ် ဘာဖြစ်ချင်လဲ . . သိလား"

"ဟ. . . ကဗျာဆရာရ ကိုယ်က ဘယ်လိုလုပ် သိနိုင်မလဲ"

"အေး . . . ကိုယ်ရုက္ခစိုးဖြစ်ချင်တယ်။ ကံ့ကော်တောရဲ့ ရုက္ခစိုးဖြစ်ချင်တယ်။ ဒါကြောင့် စာကြည့်နေတာ ရှုနက်ရေ့"

ရောက်လာသော နွေဦး၌ သက်ခိုင်သည် စာမေးပွဲကို ကောင်းစွာ ဖြေနိုင်ခဲ့သည်။

ထိုနွေဦး၌ပင် မလေးနွယ်နှင့်(ဘိလပ်မှ ခေတ္တပြန်လာသော) ကိုဘမြိုင်တို့ လက်ထပ်ကြ၏။

လက်ထပ်ပွဲကို မြို့တော်ခန်းမ၌ အကြီးအကျယ် ဆင်ယင်သည်။

ညပိုင်းတွင် အိမ်၌ သီးသန့်တစ်ပွဲ ကျင်းပ၏။

ရေနံချောင်းမြို့သည် သူပုန်လက်တွင်း၌ ရှိသေးလင်းကစား မန္တလေးမှ တစ်ဆင့် တွင်းရိုး၊ တွင်းစားတို့သည် လက်ထပ်ပွဲသို့ ရောက်လာကြ၏။

သတို့သမီးက ထဘီစ သတို့သားက ပုဆိုးစ။

သတိုးသားက အယ်(လ်)အယ်(လ်)ဒီဘွဲ့အတွက် ဘိလပ်သို့ ပြန်သွားမည်။ သတို့သမီးက ဒျောင်နောက်ဆံထုံးပါကာ ဘိလပ်သို့ လိုက်ရမည်။ လန်ဒန်မြို့ စကူးအော့ဖ်အီကောနော်မစ်(စ်) ခေါ် စီးပွားရေးတက္ကသိုလ်၌ ဆက်ပညာ သင်မည်။ ဟန်းနီးမွန်းခေါ် အိမ်ထောင်ဦးချစ်ရက်များကို ဆွစ်ဇာလန်ပြည်၌ အချိန်ဖြုန်း သုံးကြမည်။

နဝရတ်ရောင်စုံစာရင်းဝင်တို့အတွက် ဂုဏ်ယူဖွယ်သော ပွဲကြီးပွဲကောင်းဖြစ်ပါ၏။ ဖြစ်ပါ၏။

နဝရတ်ရောင်စုံစာရင်း၌ မပါသူကား သက်ခိုင်တစ်ယောက်တည်းသာတည်း။

ထမင်းစားသောက်ကြအပြီး၌ သူတို့အားလုံး စုဝေးကြသည်။

ဒေါ်ကြီးခက်ခက်သည် နဝရတ်ရောင်စုံကျမ်းကို အားလုံးမြင်အောင် လှည့်လည်ပြသည်။

ဒေါ်မြခက်၏ ထဘီစ၌ မလေးနွယ်ဟူသော ရွှေစာလုံးများ တိုးလာ၏။

အားလုံးက အသိအမှတ်ပြုကြောင်း ခေါင်းညိတ်ပြ၏။ ဒေါ်ကြီးခက်ခက်က ဆက်ကြေညာသည်။

"ကျွန်တော်မ ခက်ခက်ကို အားလုံးသိပြီးပါ။ ကျွန်တော်မရဲ့ ညီမ သက်သက်ကိုလည်း အားလုံးသိပြီးပါ။ သက်သက်ကို ကျွန်တော် စာရင်းက ပယ်ပြီးတာကိုလည်း အားလုံး သိပြီးပါ"

သက်သက်၏ နာမည်ကို ကြားသောကြောင့် အားလုံး လှုပ်ရှားသွားကြသည်။ ဒေါ်ကြီးခက်ခက်ကသာ အောင်မြင်သော အသံနှင့်ဆက်ပြော၏။

"ကျွန်တော်မ ဒီနေ့စာရင်းပြင်ပြီ။ ကျွန်မ ညီမ. . . သက်သက်ရဲ့သား ကျွန်တော်မ သူတော်မောင် သက်ခိုင်ကို ရေနံ့သာနှစ်တွင်း လက်ဖွဲ့တယ်။ ငွေငါးသောင်းလည်း လက်ဖွဲ့တယ်။ တူတော်မောင် သက်ခိုင်ဟာ တောင်ပံနီ မဟုတ်။ ကျွန်တော်မ ခက်ခက်ရဲ့ ထဘီစ တွင်းစားအစစ်"

ဦးထင်ကျော်နှင့် ဇနီး၊ ဦးတင်သော်နှင့်ဇနီး၊ ဦးဘမြိုင်နှင့်ဇနီးတို့က ဝမ်းသာသော မျက်လုံးများနှင့် သက်ခိုင်ကို လှမ်းကြည့်ကြသည်။ ကျန်လူအားလုံးကလည်း ဝိုင်းကြည့်ကြသည်။

သက်ခိုင်သည် နေရာမှ ဖြည်းညင်းစွာ ထသည်။

သူသည် ဒေါ်ကြီးခက်ခက်ကို ရင်၌ ချီထားသော လက်အုပ်နှင့်ရှေးဦးစွာ ကန်တော့သည်။ ထို့နောက် ဦးထင်ကျော်၊ ဦးတင်သော်၊ ဦးဘမြိုင်တို့၏ စုံတွဲများကို ကန်တော့သည်။ ကန်တော့ပြီးသောအခါ တည်ငြိမ်လှသော အသံနှင့် ပြော၏။

"ဒေါ်ကြီးခက်ခက်ရဲ့ ခွင့်လွှတ်ခြင်းကို ကျွန်တော် တစ်သက် မမေ့ပါဘူး။ အစစအရာရာ မေတ္တာသာလျှင် အောင်နိုင်၏ ဆိုတဲ့ သာဓကကို ဒေါ်ကြီးခက်ခက်က ပြသွားပါပြီ။ ရေနံ့သာနှစ်တွင်းနဲ့ ငွေငါးသောင်းအတွက်လည်း ကျေးဇူးတင်ပါတယ် ဒေါ်ကြီးခက်ခက်. . . အဲဒီအထိမ်းအမှတ်အဖြစ် ကျွန်တော်ကို ငွေတစ်မတ် ပေးပါ"

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


(1)Sales and Marketing Manager-Male 2posts ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၃နှစ်၊ ကားအင်ဂျင်ဝိုင်နှင့် ကားအပိုပစ္စည်းနားလည်သူ ဦးစားပေးမည်။
(2)Sales Executive-Male 4 Posts ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၂နှစ်၊ ကားအင်ဂျင်ဝိုင်နှင့် ကားအပိုပစ္စည်း နားလည်သူ ဦးစားပေးမည်။
လျှောက်ထားရန်-
Asia Petroleum Co.,LTD အမှတ် -122၊ ပြည်လမ်း၊ ၈-မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 01-652488, 09-250091621



**အမြန်ပြန်လာပါ**

ကျွန်တော်၏ဇနီးဖြစ်သူ မအိန္ဒြေစိုးမွန်(ခ) ပေါက်ပေါက်သည် ၁၄-၁၀-၂၀၁၅ ရက်တွင် နေအိမ်မှ ရုတ်တရက်ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ လက်ခံထားရှိသူအား တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။
ဦးအောင်အောင်မျိုး
[၁၂/ရကတ(နိုင်)၀၈၂၂၃၈]
ဖုန်း - ၀၉ ၄၂၀၀၅၁၈၂၅၊ ၀၉ ၉၇၅၀၂၁၂၃၆

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

